၇၀ ပန၊ အကုသိုလ်စိတ်၌ သင်ဟနည်းမှတစ်ပါး, အဟိတ်စိတ်၌ သင်ဟနည်းကို ဆိုအံ့။ အဟေတုကေသု၊ အဟိတ်စိတ် တစ်ဆယ့်ရှစ်ခု ကို ထိုထွင်။ ဟသနစိတ္တေ၊ ဟသိတုပ္ပါဒ် စိတ်၌။ တာဝ၊ ရှေးဦးစွာ။ သင်ဟော၊ ကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ၏။ ဟသနစိတ္တေ၊ ဟသိတုပ္ပါဒ်စိတ်၌။ ဆန္ဒဝဇ္ဇိတာ၊ ဆန္ဒသည် ကြဉ်အပ်ကုန်သော။ ဝါ-ကိုကြဉ် ကုန်သော။ အညသမာနာ၊ အညသမာန်းအမည်ရှိကုန်သော။ ဒ္ဝိဒသ၊ တစ်ဆယ်နှစ်ပါ။ ကုန်သော။ ဓမ္မာ၊ တို့သည်။ သင်ဟံ၊ ရေတွက်ခြင်းသို့။ ဝါ-အဖြစ်သို့။ ဝါ-ဖေါင်းခြင်းသို့။ ဝါ-အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

http://www.dhammadownload.com

၇၁ တထာ ဝေါ ဌမ္ဘေ ဆန္ဒပိတိ ဝဇ္ဇတာ။

၇၁ **တထာ**၊ ထို့အတူ။ **ဝေါ ဌမ္ဘေ**၊ ဝုဋ္ဌောစိတ်၌။ **ဆန္ဒ ပိတိ ဝဇ္ဇတာ**၊ ထိုဆန္ဒ,ပိတိသည် ကြဉ်အပ်ကုန်သော။ ဝါ-ကိုကြဉ်ကုန်သော။ **အညသမာနာ**၊ ကုန်သော။ **ကောဒသ**၊ တစ်ဆယ့်တစ်ပါးကုန်သော။ **ဓမ္မာ**၊ တို့သည်။ **သင်္ဂဟံ**၊ သို့။ ဝါ-အဖြစ်သို့။ **ဝါ-ပေါင်းခြင်းသို့**။ ဝါ-အဖြစ်သို့။ **ဂစ္ဆန္တိ**၊ ကုန်၏။

၇၂ သုခသန္ဓိရဏေ ဆန္ဒဝိရိယ ဝဇ္ဇတာ။

၇၂ **သုခသန္ဓိရဏေ**၊ **သောမနဿသဟဂတ် သန္ဓိရဏစိတ်၌**။ **ဆန္ဒ ဝိရိယ ဝဇ္ဇတာ**၊ ဆန္ဒ,ဝိရိယသည် ကြဉ်အပ်ကုန်သော။ ဝါ-ကိုကြဉ်ကုန်သော။ **အညသမာနာ**၊ ကုန်သော။ **ကောဒသ**၊ ကုန်သော။ **ဓမ္မာ**၊ **တို့သည်**။ **သင်္ဂဟံ**၊ **သို့**။ ဝါ-အဖြစ်သို့။ ဝါ-ပေါင်းခြင်းသို့။ ဝါ-အဖြစ်သို့။ **ဂစ္ဆန္တိ**၊ ကုန်၏။

၇၃ မနောဓာတုတ္ထိကာ ဟေတုက ပဋိသန္ဓိယုဂဏ္ဍေ ဆန္ဒ ပိတိ ဝိရိယ ဝဇ္ဇတာ။

၇၃ **မနောဓာတုတ္ထိကာ ဟေတုက ပဋိသန္ဓိယုဂဏ္ဍေ**၊ **မနောဓာတ်**သုံးခု, **အယိတ်ပဋိသန္ဓေ နှစ်ခုအစုံ**၌။ **ဆန္ဒ ပိတိ ဝိရိယ ဝဇ္ဇတာ**၊ ဆန္ဒ, ပိတိ, ဝိရိယသည် ကြဉ်အပ်ကုန်သော။ ဝါ-ကိုကြဉ်ကုန်သော။ **အညသမာနာ**၊ ကုန်သော။ **ဒသ**၊ ကုန်သော။ **ဓမ္မာ**၊ **တို့သည်**။ **သင်္ဂဟံ**၊ **ရေတွက်ခြင်းသို့**။ ဝါ-အဖြစ်သို့။ ဝါ-သို့။ ဝါ-သို့။ **ဂစ္ဆန္တိ**၊ ကုန်၏။

၇၄ ဒ္ဝိပဉ္စဝိညာဏေ ပကိဏ္ဏက ဝဇ္ဇတာ တေယေဝ သင်္ဂယ္ဟန္တိ သမ္ဘထာပိ အဋ္ဌာရသသု အဟေတုကေသု ဂဏနဝသေန စတုဟေဝ သင်္ဂဟော ဟောတိ။

http://www.dhammadownload.com

၇၄ ဒ္ဒိပဋ္ဌဝိညာဏော၊ ဒ္ဒိပဋ္ဌဝိညာဏ်တစ်ဆယ်၌။ ပကိဏ္ဏကဝဏ္ဏတာ၊ ပကိဏ်းစေတသိက် ခြောက်ခုသည် ကြဉ်အပ်ကုန်သော။ ဝါ–ကိုကြဉ် ကုန်သော။ တေယော၀၊ ထိုခုနစ်ပါးသော အညသမာန်းစေတသိက်တို့ ကိုသာလျှင်။ သင်္ခ်ယှဉ်ဆို၊ ကုန်၏။ ဤတို၊ ဤသို့။ သမ္ဘထာပိ၊ လည်း။ အဋ္ဌာရသသု၊ ကုန်သော။ အဟေတုကေသု၊ အဟိတ်စိတ်တို့၌။ ဂဏန ဝသေန၊ရေတွက်ခြင်း၏အစွမ်းဖြင့်။ စတုဒေါ၀၊လျှင်။ သင်္ဂဟော၊ သည်။ ဟောတိ၏။ ဤတို၊ ဤသို့။ တေသု၊ ထိုအဟိတ်စိတ် တစ်ဆယ်ရှစ်ခုတို့၌။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ သင်္ဂဟော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဟိတ်စိတ် သင်္ဂဟနည်း သင်္ဂဟဂါထာ

၇၅ ဒ္ဒါဒသေကာ ဒသ ဒသ၊ သတ္တ စာတိ စတုဗ္ဗိဓော။
အဋ္ဌာရသာ ဟေတုကေသု၊ စိတ္တုပ္ပါဒေသု သင်္ဂဟော။

၇၆ အဟေတုကေသု သမ္ဘတ္ထ၊ သတ္တသေသာ ယထာရဟံ။
ဤတိ ဝိတ္ထာရတော ဝုတ္တော၊ တေတ္တိံသဝိဓ သင်္ဂဟော။

၇၅ အဋ္ဌာရသာ ဟေတုကေသု စိတ္တုပ္ပါဒေသု၊ တစ်ဆယ်ရှစ်ပါးသော အဟိတ်စိတ်တို့၌။ ဒ္ဒါဒသ စ၊တစ်ဆယ်နှစ်ပါးသောစေတသိက်တို့လည်းကောင်း။ ကောဒသ စ၊တို့လည်းကောင်း။ ဒသ စ၊ တို့လည်းကောင်း။ သတ္တ စ၊ ခုနစ်ပါးသော စေတသိက်တို့ လည်းကောင်း။ ဤတို၊ ဤသို့။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိသော။ သင်္ဂဟော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၇၆ သမ္ဘတ္ထ၊ အလုံးစုံကုန်သော။ အဟေတုကေသု၊ အဟိတ်စိတ် တစ်ဆယ်ရှစ်ခုတို့၌။ သတ္တ၊ သမ္ဘစိတ္ထ သာဓာရဏ စေတသိက် ခုနစ်ခုတို့

http://www.dhammadownload.com

သည်။ ယုဇ္ဇန္တိ၊ ယုဉ်ကုန်၏။ သေသော၊ ဆန္ဒမှကြွင်းသော ပကိဏ်း စေတသိက် ၁၁ားခုတို့သည်။ ယထာရဟံ၊ စ္စာ။ ယုဇ္ဇန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝိတ္ထာရတော၊ အာဗျယ်အားဖြင့်။ တေတ္တိံ သဝိဓ သင်္ဂဟော၊ သုံးဆယ်သုံးပါး အပြားရှိသော သင်္ဂဟနည်းကို။ မယာ၊ ၁ါသည်။ ဝုတ္တော၊ မိန့်အပ်ပြီ။

စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း

၇၇ ဣတ္ထံ စိတ္တာဝိယုတ္တာနံ၊ သမ္မယောဂဋ္ဌ သင်္ဂဟံ။
ဥ ဒ္ဓ ဘေဒံ ယထာယောဂံ၊ စိတ္တေန သမုဒ္ဒိသေ။

၇၇ ဣတ္ထံ ယထာဝုတ္တဘေဒေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ စိတ္တာဝိယုတ္တာနံ၊ စိတ်၌ အမြဲ ယှဉ်ကုန်သော စေတသိက်တို့၏။ စိတ္တ ပရိစ္ဆေဒ ဝသေန၊ စိတ်ကို ပိုင်းခြားသည်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်အပ်သော။ သောဠသဝိဓံ၊ တစ်ဆယ့်ခြောက်ပါး အပြားရှိသော။ သမ္မယောဂဋ္ဌ၊ သမ္မယောဂနည်းကိုလည်းကောင်း။ စေတသိကရာသိ ပရိစ္ဆေဒ ဝသေန၊ စေတသိက်တို့၏ အစုကို ပိုင်းခြားသည်၏အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်အပ်သော။ တေတ္တိံ သဝိဓံ၊ သုံးဆယ်သုံးပါးအပြားရှိသော။ သင်္ဂဟဋ္ဌ၊ သင်္ဂဟနည်းကိုလည်းကောင်း။ ဥတ္တမ္ဘံ၊ သိအပ်၏။ ဥ ဒ္ဓ၊ သိပြီး၍။ ယထာယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ။ စိတ္တေန၊ စိတ်နှင့်။ သမံ၊ မျှသော။ ဘေဒံ၊ အပြားကို။ ဥဒ္ဒိသေ၊ ပြရာ၏။

စေတသိက်ဗိုင်း နိဂုံး

ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ စေတသိကသင်္ဂဟ ဝိဘာဂေါ နာမ ဒုတိယော ပရိစ္ဆေဒေါ။

http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟေ၊ အဘိဓမ္မာ ခုနှစ်ကျမ်းခု ဟောတော်မူအပ်ကုန်သော အနက်တို့ကို အကျဉ်းအားဖြင့် ယူရုယူကြောင်းသင်္ဂြိဟ်ရာ သင်္ဂြိဟ်ကြောင်း ဖြစ်ခြင်းကြောင့် အဘိဓမ္မတ္ထ သင်္ဂဟ အမည်ရှိသော ကျမ်းခု။ စေကသိကသင်္ဂဟ ဝိဘာဂေါ နာမ၊ စေတသိက သင်္ဂဟကို ဝေဖန်ရာ ဝေဖန်ကြောင်း မည်သော။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ ဣတိ-သမတ္တော၊ ပြီးပြီ။

စေတသိက်ပိုင်း ပြီး၏။

http://www.dhammadownload.com

၃-ပကိဏ္ဏကပိုင်း

ပဠိညာဉ်နှင့် မာတိကာခေါ်

၁ သမ္မယုတ္တာ ယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တ စေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။

၂ ဝေဒနာ ဟေတုတော ကိစ္စ၊ ဒ္ဒါရာ လမ္မဏ ဝတ္ထုတော။
စိတ္ထုပ္ပါဒ ဝသေနေဝ၊ သင်္ဂဟာ နာမ နိယတေ။

၁ ယထာယောဂံ၊ စ္စာ။ သမ္မယုတ္တာ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သဘာဝတော၊ အာရမ္မဏ ဝိဇာနန, ဖုဿန အစရှိသော မိမိ မိမိတို့၏ ကိစ္စ လက္ခဏာ အပြားအားဖြင့်။ တေပညာသ၊ ငါးဆယ်သုံးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုသုံးဆယ်ငါးပါးကုန်သော သဘောတရားတို့၏။ ယထာရဟံ၊ စ္စာ-

၂ စိတ္တုပ္ပါဒဝသေနေဝ၊ စိတ်, စေတသိက်တို့၏ အစွမ်းဖြင့်သာ လျှင်။ ဝေဒနာဟေတုတော၊ ဝေဒနာအပြား, ဟိတ်အပြားအားဖြင့် လည်းကောင်း။ ကိစ္စဒ္ဒါရာလမ္မဏဝတ္ထုတော၊ ကိစ္စအပြား, ဒ္ဒါရအပြား, အာရုံအပြား, ဝတ္ထုအပြားအားဖြင့်လည်းကောင်း။ သင်္ဂဟာ နာမ၊ ဝေဒနာဒိသင်္ဂဟ အမည်ရှိသော ပကိဏ္ဏက သင်္ဂဟကို။ မယာ၊ ငါသည်။ နိယတေ၊ ဆောင်အပ်၏။

၁—ဝေဒနာသင်္ဂဟ

ဝေဒနာ ၃-ပါးနှင့် ၅-ပါး

၃ တတ္ထ ဝေဒနာသင်္ဂေ ဟာဝ ဘိဒေါ ဝေဒနာ သုခ, ဒုက္ခ, အဒုက္ခ မသုခါ စေတိ၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာတိ စ ဘေဒေန ပန ပဉ္စဝေ ဟောတိ။

http://www.dhammadownload.com

၃ တတ္ထ တေသု ဆသု ပကိဏ္ဏကသင်္ခေသု၊ထိုခြောက်ပါးသော ပကိဏ္ဏက သင်္ခါတို့တွင်။ ဝေဒနာသင်္ခေ၊ ဝေဒနာသင်္ခါ။တာဝ၊ စာ။ ဧဝံ၊ သို့။ ဝိဘာဂေါ၊ ဝေဖန်ခြင်းကို။ မယာ၊သည်။ ဝုစ္စတေ၊ မိန့်အပ်၏။ဝေဒနာ၊ဝေဒနာသည်။သုခဉ္စ၊သုခဝေဒနာလည်းကောင်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာ လည်းကောင်း။ အဒုက္ခမသုခါ စ၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဥပေက္ခာဝေဒနာ လည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့ အနုဘဝန လက္ခဏာ အပြားဖြင့်။ တိဝိဓာ၊သုံးပါးအပြားရှိသည်။ဟောတိ၊၏။ပန၊ အနုဘဝနလက္ခဏာမှ တစ်ပါး,ဣန္ဒြိယဘေဒကို ဆိုအံ့။ ဝေဒနာ၊သည်။ သုခဉ္စ၊ သုခဝေဒနာ လည်းကောင်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာလည်းကောင်း။ သောမနဿဉ္စ၊ သောမနဿ ဝေဒနာ လည်းကောင်း။ ဒေါမနဿဉ္စ၊ ဒေါမနဿ ဝေဒနာလည်းကောင်း။ဥပေက္ခာ စ၊ဥပေက္ခာဝေဒနာလည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့ ဣန္ဒြေအပြားဖြင့်။ ပဉ္စဓာ၊ ငါးပါး အပြားရှိသည်။ ဟောတိ၊ ၏။

ဝေဒနာဖြင့် စိတ်ကို ဝေဖန်ခြင်း

၄ တတ္ထ သုခသဟဂတံ ကုသလဝိပါကံကာယဝိညာဏမေကမေဝ။

၄ တတ္ထ၊ ထိုဝေဒနာသင်္ခါ။ ဝါ-ထိုငါးပါးသော ဝေဒနာတို့တွင်။ ဝါ-ထိုငါးပါးသော ဝေဒနာနှင့် တကွဖြစ်သော စိတ်တို့တွင်။ သုခသဟဂတံ၊ သုခဝေဒနာနှင့်တကွ ဖြစ်သော စိတ်သည်။ ကုသလ-ဝိပါကံ၊ ကုသိုလ်၏ အကျိုးဖြစ်သော။ ကာယဝိညာဏမေကမေဝ၊ ကာယဝိညာဏ်စိတ် တစ်ခုသည်သာလျှင်။ ဟောတိ၊ ၏။

၅ တထာ ဒုက္ခသဟဂတံ အကုသလ ဝိပါကံ။

၅ တထာ၊ တူ။ ဒုက္ခသဟဂတံ၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်သည်။ အကုသလဝိပါကံ၊ အကုသိုလ်၏ အကျိုး ဖြစ်သော။

http://www.dhammadownload.com

ကာယဝိညာဏမေကမေဝ၊ကာယဝိညာဏ်စိတ် တစ်ခုတည်းသာလျှင်။ ဟောတို၏။

၆ သောမနဿ သဟဂတ စိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ ဒ္ဒါဒသ ကာမावစရ သောဘနာနိ သုခသန္ဓိရဏ ဟသနာနိ စ ဒ္ဒေတိ အဌာရသ ကာမावစရ သောမနဿ ဘဟဂတ စိတ္တာနိစေဝ ပထမ ဒုတိယ တတိယ စတုတ္ထဇ္ဈာန သခ်ါတာနိ စတုစတ္တာလီသ မဟဂ္ဂတ လောကုတ္တရ စိတ္တာနိ စေတိ ဒ္ဒါသဋ္ဌိ ဝိဓာနိ ဘဝန္တိ။

၆ ပုန၊ ဒုကၠဝေဒနာဝမ္ အတ်ပါး, သောမနဿ ဝေဒနာကို ဆိုအံ့။ သောမနဿ သဟဂတ စိတ္တာနိ၊ သောမနဿ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်။ စတ္တာရိ၊ ကုန်သော။ လောဘမူလာနိ စ၊ လောဘမူစိတ်တို့ လည်းကောင်း။ ဒ္ဒါဒသ၊ ကုန်သော။ ကာမावစရ သောဘနာနိ စ၊ ကာမावစရ သောဘန စိတ်တို့လည်းကောင်း။ ဒ္ဒေ၊ နှစ်ပါးကုန်သော။ သုခသန္ဓိရဏဟသနာနိ စ၊ သောမနဿ သဟဂုတ်သန္ဓိရဏ, ဟသီတုပ္ပါဒ်စိတ်တို့လည်းကောင်း။ ဤတို၊ ဤသို့။ အဌာ-ရသ၊ တစ်ဆယ်ရှစ်ပါးကုန်သော။ ကာမावစရ သောမနဿ သဟဂတ စိတ္တာနိ စေဝ၊ ကာမावစရ သောမနဿ သဟဂုတ် စိတ်တို့လည်းကောင်း။ ပထမ ဒုတိယ တတိယ စတုတ္ထဇ္ဈာနသခ်ါတာနိ၊ ပထမစျာန်စိတ် ကောဒသ, ဒုတိယစျာန်စိတ် ကောဒသ, တတိယစျာန်စိတ် ကောဒသ, စတုတ္ထစျာန်စိတ် ကောဒသဟု ဆိုအပ်ကုန်သော။ စတု-စတ္တာလီသ၊ လေးဆယ်လေးပါး ကုန်သော။ မဟဂ္ဂတ လောကုတ္တရ စိတ္တာနိ စ၊ မဟဂ္ဂတ် လောကုတ္တရာစိတ်တို့ လည်းကောင်း။ ဤတို-ဤမိနာ ပဘေဒေန၊ ဖြင့်။ ဒ္ဒါသဋ္ဌိဝိဓာနိ၊ ခြောက်ဆယ်နှစ်ပါး အပြား ရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။

http://www.dhammadownload.com

၇ ဒေါမနဿ သဟဂတ စိတ္တာနိ ပန ဒ္ဝေ ပဋိဃ သမ္မယုတ္တ စိတ္တာနေဝ။

၇ ပန၊ သောမနဿသဟဂုတ်မှတစ်ပါး ဒေါမနဿ သဟဂုတ်ကို ဆိုအံ့။ ဒေါမနဿ သဟဂတ စိတ္တာနိ၊ ဒေါမနဿ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်။ ဒွေ၊ ကုန်သော။ ပဋိဃ သမ္မယုတ္တ စိတ္တာနေဝ၊ ပဋိဃသမ္မယုတ် စိတ်တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။

၈ သေသာနိ သဗ္ဗာနိပိ ပဉ္စပညာသ ဥပေက္ခာ သဟဂတ စိတ္တာနေဝါတိ။

၈ သေသာနိ၊ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿသဟဂုတ်စိတ်မှ ကျွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပဉ္စပညာသ၊ ငါးဆယ်ငါးပါးကုန်သောစိတ်တို့သည်။ ဥပေက္ခာသဟဂတစိတ္တာနေဝ၊ ဥပေက္ခာသဟဂုတ် စိတ်တို့သည် သာလျှင်။ ဘဝန္တိ၊ ကုန်၏။ ဣတိ၊ ဤကား။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝေဒနာ ၅-ပါးယှဉ်မှုံ သင်္ဂဟဂါထာများ

၉ သုခံ ဒုက္ခ မုပေက္ခာတိ၊ တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ၊ မိတိ ဘေဒေန ပဉ္စဓာ။

၁၀ သုခမေကတ္ထ ဒုက္ခဉ္စ၊ ဒေါမနဿံ ဒ္ဝယေ ဌိတံ။
ဒ္ဝါသဋ္ဌိသု သောမနဿံ၊ ပဉ္စပညာသ ကေတရာ။

၉ တတ္ထ၊ ထိုဝေဒနာသင်္ဂဟ၌။ ဝေဒနာ၊သည်။ သုခဉ္စ၊ သုခ ဝေဒနာလည်းကောင်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာလည်းကောင်း။ ဥပေက္ခာ စ၊ ဥပေက္ခာ ဝေဒနာလည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့ နာဘဝန လက္ခဏာအပြားဖြင့်။ တိဝိဓာ၊ သုံးပါးအပြားရှိသည်။

http://www.dhammadownload.com

ဟောတိ၊ ၏။ ဝေဒနာ၊ သည်။ သုခဠ၊ သုခဝေဒနာလည်းကောင်း။ ဒုက္ခဠ၊ ဒုက္ခဝေဒနာလည်းကောင်း။ သောမနဿဠ၊ သောမနဿ ဝေဒနာ လည်းကောင်း။ ဒေါမနဿဠ၊ ဒေါမနဿ ဝေဒနာ လည်းကောင်း။ ဥပေက္ခာ စ၊ ဥပေက္ခာ ဝေဒနာ လည်းကောင်း။ ဤတိ-ဤမိနာ ပဘေဒေန၊ ဤသို့ ဤနှေ့အပြားဖြင့်။ ပဠဒေ၊ ငါးပါးအပြား ရှိသည်။ ဟောတိ၊ ၏။

၁၀ သုခဠ၊ သုခဝေဒနာသည် လည်းကောင်း။ ဒုက္ခဠ၊ ဒုက္ခ ဝေဒနာသည်လည်းကောင်း။ ကေတ္တ၊ တစ်ခုသောစိတ်ဌ။ ဌိတံ၊ တည်ရ။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်။ ဒ္ဒယေ၊ စိတ်နှစ်ခုတို့၏ အပေါင်းဌ။ ဌိတံ၊ တည်၏။ သောမနဿံ၊ သောမနဿ ဝေဒနာသည်။ ဒ္ဒါသဋ္ဌိသု၊ ခြောက်ဆယ့်နှစ်ပါးကုန်သော စိတ်တို့ဌ။ ဌိတံ၊ တည်၏။ ဤတရာ၊ ဥပေက္ခာဝေဒနာသည်။ ပဠုပညာသကေ၊ ငါးဆယ့်ငါးပါး သောစိတ်ဌ။ ဌိတာ၊ တည်၏။

၂–ဟေတုသင်္ဂဟ

ဟိတ် ၆–ပါး

၁၁ ဟေတု သင်္ဂဟေ ဟေတူ နာမ လောဘော, ဒေါသော, မောဟော, အလောဘော, အဒေါသော, အမောဟော စာတိ ဆဗ္ဗိဓာ ဘဝန္တိ။

၁၁ ဟေတုသင်္ဂဟေ၊ ဟေတုသင်္ဂဟဌ။ ဝေါ၊ ဤသို့။ ဝိဘာဂေါ၊ ဝေဖန်ခြင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ ဟေတူ နာမ၊ ဟိတ်တို့မည်သည်ကား။ လောဘော စ၊ လောဘဟိတ်လည်းကောင်း။ ဒေါသော စ၊ ဒေါသဟိတ်လည်းကောင်း။ မောဟော စ၊ မောဟဟိ လည်းကောင်း။ အလောဘော စ၊ အလောဘဟိတ်လည်းကောင်

http://www.dhammadownload.com

အဒေါ်သော စ၊အဒေါ်သဟိတ်လည်းကောင်း။ အမောဟောစ၊လည်း
ကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။
ဆဋ္ဌေ၊ ခြောက်ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။

ဟိတ်ဖြင့် ဒီတ်ကို ဝေဖန်ခြင်း

၁၂ တတ္ထ ပဋ္ဌဒ္ဓါဆုဝဇ္ဇန, ဒ္ဒိပဋ္ဌဝိညာဏ, သမ္ပဋ္ဌိစ္ဆန, သန္ဓိရဏ,
ဝေါဋ္ဌပ္ပန,ဟသနဝသေနအဋ္ဌာရသအဟေတုကစိတ္တာနိနာမ။

၁၂ တတ္ထ၊ ထိုဟေတုသင်္ဂဟ်။ ဝါ-ထိုခြောက်ပါးသော ဟိတ်တို
တွင်။ ဝါ-ခြောက်ပါးသော ဟိတ် ရှိ-မရှိသော စိတ်တို့တွင်။ ပဋ္ဌဒ္ဓါဆု
ဝဇ္ဇန, ဒ္ဒိပဋ္ဌဝိညာဏ, သမ္ပဋ္ဌိစ္ဆန, သန္ဓိရဏ, ဝေါဋ္ဌပ္ပန, ဟသနဝသေန၊
ပဋ္ဌဒ္ဓါဆုဝဇ္ဇန်း, ဒ္ဒေပဋ္ဌဝိညာဏ်တစ်ဆယ့်, သမ္ပဋ္ဌိစ္ဆိန်းဒ္ဒေ, သန္ဓိရဏ
သုံးခု,ဝုဋ္ဌော, ဟသိတုပ္ပါဒ် စိတ်တို့၏အစွမ်းဖြင့်။ အဋ္ဌာရသ၊ တစ်ဆယ့်
ရှစ်ပါးကုန်သော စိတ်တို့သည်။ အဟေတုက စိတ္တာနိ နာမ၊ သမ္ပယုတ်
ဟိတ် မရှိသည်၏အဖြစ်ကြောင့် အဟိတ်စိတ် ဟူသော အမည်ရှိကုန်
သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၃ သေသာနိ သမ္ဘာနိပိ ကေသတ္တတိစိတ္တာနိ သဟေတုကာနေဝ။

၁၃ သေသာနိ၊ အဟိတ်စိတ် အဋ္ဌာရသမ္ဘ ကြွင်းကုန်သော။
သမ္ဘာနိပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ကေသတ္တတိ စိတ္တာနိ၊ခုနစ်ဆယ့်
တစ်ပါးသော စိတ်တို့သည်။ သဟေတုကာနေဝ၊ သမ္ပယုတ်ဟိတ်
ရှိသည်၏ အဖြစ်ကြောင့် သဟိတ်စိတ် ဟူသော အမည်ရှိကုန်သည်
သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၄ တံဌာပေ ဒ္ဒေ မောမူဟစိတ္တာနိ ကေဟေတုကာနိ။

၁၄ တတ္ထာပေ၊ ထို သဟိတ်စိတ် ကေသတ္တတိတို့တွင်လည်း။ ဒ္ဒေ၊
နှစ်ပါးကုန်သော။ မောမူဟစိတ္တာနိ၊မောဟမူစိတ်တို့သည်။ ကေဟေတု-

http://www.dhammadownload.com

ကဲ့နှိ၊ ဟိတ်တစ်ခုသာရှိသည်၏အဖြစ်ကြောင့် ကေဟိတ်စိတ် ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၅ သေသာနိ ဒသ အကုသလ စိတ္တာနိ စေဝ ဉာဏဝိပ္ပယုတ္တာနိ ဒ္ဝါဒသ ကာမावစရ သောဘနာနိ စေတိ ဒ္ဝါဝီသတိ ဒ္ဝိဟေတုက စိတ္တာနိ။

၁၅ သေသာနိ၊ မောဟမူဒ္ဓေမ ကြွင်းကုန်သော။ ဒသ၊ ဆယ်ပါး ကုန်သော။ အကုသလစိတ္တာနိ စေဝ၊ အကုသိုလ်စိတ်တို့လည်းကောင်း။ ဉာဏဝိပ္ပယုတ္တာနိ၊ ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော။ ဒ္ဝါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ ကာမावစရသောဘနာနိ စ၊ ကာမावစရ သောဘနစိတ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဝါဝီသတိ၊ နှစ်ဆယ်နှစ်ပါးသော စိတ်တို့သည်။ ဒ္ဝိဟေတုက စိတ္တာနိ နာမ၊ ဟိတ်နှစ်ပါးရှိသည်၏အဖြစ်ကြောင့် ဒ္ဝိဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၆ ဒ္ဝါဒသ ဉာဏသမ္ပယုတ္တ ကာမावစရ သောဘနာနိ စေဝ ပဋ္ဌတ္တိ သ မဟဂ္ဂတ လောကုတ္တရ စိတ္တာနိ စေတိ သတ္တစတ္တာ-လီသ တိဟေတုက စိတ္တာနိတိ။

၁၆ ဒ္ဝါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ ဉာဏသမ္ပယုတ္တ ကာမावစရ သောဘနာနိ စေဝ၊ ဉာဏသမ္ပယုတ် ကာမावစရသောဘနစိတ်တို့လည်းကောင်း။ ပဋ္ဌတ္တိ သ၊ သုံးဆယ့်ငါးပါးကုန်သော။ မဟဂ္ဂတလောကုတ္တရစိတ္တာနိ စ၊ မဟဂ္ဂတ် လောကုတ္တရာစိတ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တစတ္တာလီသ၊ လေးဆယ့်ခုနှစ်ပါးသောစိတ်တို့သည်။ တိဟေတုကစိတ္တာနိ၊ ဟိတ်သုံးပါး ရှိသည်၏ အဖြစ်ကြောင့် တိဟိတ်စိတ်ဟူသော အမည်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

http://www.dhammadownload.com

ဟိတ် ၆-မျိုးနှင့် ယှဉ်ပုံ သင်္ဂဟဂါထာများ

၁၇ လောဘော ဒေါသော စ မောဟော စ၊
ဟေတူ အကုသလာ တယော။
အလောဘော ဒေါသော မောဟော စ၊
ကုသလာ မျှာကတာ တထာ။

၁၈ အဟေတုကာ ဌာရသေက၊ ဟေတုကာ ဒ္ဒေ ဒ္ဒါဝိသတိ။
ဒ္ဒိဟေတုကာ မတာ သတ္တ၊ စတ္တာလီသ တိဟေတုကာ။

၁၇ အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော။ ဟေတူ၊ဟိတ်တို့သည်။ လောဘော စ၊လောဘဟိတ်လည်းကောင်း။ ဒေါသော စ၊ဒေါသဟိတ် လည်းကောင်း။ မောဟော စ၊ မောဟဟိတ် လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကုသလာမျှာကတာ၊ ကုသိုလ်, အမျှာကတ ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ အလောဘော စ၊ အလောဘဟိတ် လည်းကောင်း။ အဒေါသော စ၊ အဒေါသဟိတ် လည်းကောင်း။ အမောဟော စ၊ အမောဟဟိတ် လည်းကောင်း။ ဣတိ၊ ဤသို့။ တထာ၊ ထို့အတူ။ တယော၊ သုံးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၈ အဟေတုကာ၊ အဟိတ်စိတ်တို့ကို။ ဌာရသ၊ တစ်ဆယ့်ရှစ်ပါး အပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဟေတုကာ၊ ဟေတုဟိတ်စိတ်တို့ကို။ ဒ္ဒေ၊ နှစ်ပါးအပြား ရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဒ္ဒိဟေတုကာ၊ ဒ္ဒိဟိတ်စိတ်တို့ကို။ ဒ္ဒါဝိသတိ၊ နှစ်ဆယ် နှစ်ပါး အပြားရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။ တိဟေတုကာ၊ တိဟိတ်စိတ်တို့ကို။ သတ္တစတ္တာလီသ၊ လေးဆယ့်ခုနှစ်ပါး အပြားရှိ ကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

http://www.dhammadownload.com

၃–ကိစ္စသင်္ဂဟ

ကိစ္စ ၁၄-ပါး

၁၉ ကိစ္စသင်္ဂဟေ ကိစ္စာနိ နာမ ပဋ္ဌိသန္ဓိ, ဘဝင်္ဂါ, ဝဇ္ဇန, ဒဿန, သဝန, ဃာယန, သာယန, ဖုသန, သမ္ပဋ္ဌိစ္ဆန, သန္တီရဏ, ဝေါဋ္ဌပ္ပန, ဇဝန, တဒါရမ္မဏ, စုတိဝသေန စုဒ္ဓသဝိဓာနိ ဘဝန္တိ။

၁၉ ကိစ္စသင်္ဂဟေ၊ ကိစ္စသင်္ဂဟဋ္ဌာ။ ဝေါ၊ ဤသို့။ ဝိဘာဝေါ၊ ဝေဖန်ခြင်းကို။ မယာ၊ သည်။ ဝုစ္စတေ၊ မိန့်အပ်၏။ ကိစ္စာနိ နာမ၊ ကိစ္စတို့မည်သည်ကား။ ပဋ္ဌိသန္ဓိ ဘဝင်္ဂါ ဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋ္ဌိစ္ဆန သန္တီရဏ ဝေါဋ္ဌပ္ပန ဇဝန တဒါရမ္မဏ စုတိဝသေန၊ ပဋ္ဌိသန္ဓေကိစ္စ, ဘဝင်္ဂကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋ္ဌိစ္ဆိန်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စတို့၏ အစုမ်းဖြင့်။ စုဒ္ဓသဝိဓာနိ၊ တစ်ဆယ့်လေးပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဌာန ၁၀-ပါး

၂၀ ပဋ္ဌိသန္ဓိ.ဘဝင်္ဂါဝဇ္ဇနပဋ္ဌဝိညာဏ ဌာနာဒိဝသေန ပန တေသံ ဒသဓာ ဌာနဘေဒေါ ဝေဒိတဗ္ဗော။

၂၀ ပန၊ကိစ္စမှတစ်ပါး, ဌာနကိုဆိုအံ့။ တေသံ၊ ထိုကိစ္စတပ်သော စိတ်တို့၏။ ဌာနဘေဒေါ၊ ဌာနအပြားကို။ ပဋ္ဌိသန္ဓိ ဘဝင်္ဂါဝဇ္ဇန် ပဋ္ဌဝိညာဏဌာနာဒိဝသေန၊ ပဋ္ဌိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဋ္ဌဝိညာဏ်ဌာန အစရှိသည်တို့၏ အစုမ်းအားဖြင့်။ ဝါ-ပဋ္ဌိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဋ္ဌဝိညာဏ်ဌာန, သမ္ပဋ္ဌိစ္ဆိန်းဌာန,

http://www.dhammadownload.com

သန္ဓိရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာနတို့၏ အစုမ်းအားဖြင့်။ ဒသဝ ဒသဝိဓော၊ ဆယ်ပါးအပြားရှိ၏ ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ကိစ္စဌာနတို့ဖြင့် စိတ်ကို ဝေဖန်ခြင်း

၂၁ တတ္ထ ဒ္မေ ဥပေက္ခာသဟဂတာ သန္ဓိရဏာနိ စေဝ အဋ္ဌ မဟာ-ဝိပါကာနိ စ နဝ ရူပါရူပ ဝိပါကာနိ စေတိ ကေ္ကနဝိသတိ စိတ္တာနိ ပဋ္ဌိသန္ဓိ ဘဝင် စုတိ ကိစ္စာနိ နာမ။

၂၁ တတ္ထ၊ ထိုကိစ္စသင်ဟ၌။ ဝါ-ထိုကိစ္စ, ဌာန နှစ်ပါးတို့တွင်။ ဝါ-ထိုကိစ္စ, ဌာနတပ်သောစိတ်တို့တွင်။ ဒ္မေ၊ နှစ်ပါးကုန်သော။ ဥပေက္ခာသဟဂတ သန္ဓိရဏာနိ စေဝ၊ ဥပေက္ခာ သဟဂုတ် သန္ဓိရဏ စိတ်တို့လည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိ စ၊ မဟာဝိပါက်စိတ်တို့လည်းကောင်း။ နဝ၊ ကိုးပါးကုန်သော။ ရူပါရူပ ဝိပါကာနိ စ၊ ရူပဝိပါက်, အရူပဝိပါက်စိတ်တို့လည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ကေ္ကနဝိသတိ စိတ္တာနိ၊ တစ်ခုယုတ် နှစ်ဆယ်သော စိတ်တို့သည်။ ပဋ္ဌိသန္ဓိ ဘဝင် စုတိ ကိစ္စာနိ နာမ၊ ပဋ္ဌိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ်မည်ကုန်၏။

၂၂ အာဝဇ္ဇန ကိစ္စာနိ ပန ဒ္မေ။

၂၂ ပန၊ သုံးကိစ္စ တပ်သော စိတ်မှတစ်ပါး, နှစ်ကိစ္စ တပ်သော စိတ်ကို ဆိုအံ့။ အာဝဇ္ဇနကိစ္စာနိ၊ အာဝဇ္ဇန်းကိစ္စတပ်သော စိတ်တို့သည်။ ဒ္မေ၊ နှစ်ပါးတို့တည်း။

၂၃ တထာ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋ္ဌိစ္ဆန ကိစ္စာနိ စ။

၂၃ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋ္ဌိစ္ဆန ကိစ္စာနိစ၊ ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ,

http://www.dhammadownload.com

သမ္မဒ္ဓိစ္ဆိုန်းကိစ္စတပ်သော စိတ်ဟူသည်လည်း။ တထာ၊ ထို့အတူ။ ဒေ့၊ နှစ်ပါးတို့တည်း။

၂၄ တီဏိ သန္ဓိရဏ ကိစ္စာနိ။

၂၄ သန္ဓိရဏကိစ္စာနိ၊ သန္ဓိရဏကိစ္စတပ်သော စိတ်တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။

၂၅ မနောဒ္ဓါဌာဝဇ္ဇနမေဝ ပဉ္စဒ္ဓါရေ ဝေါဋ္ဌပ္ပနကိစ္စံ သာဓေတိ။

၂၅ မနောဒ္ဓါဌာဝဇ္ဇနမေဝ၊ မနောဒ္ဓါဌာဝဇ္ဇန်းသည် ပင်လျှင်။ ပဉ္စဒ္ဓါရေ၊ ပဉ္စဒ္ဓါရဏ်။ ဝေါဋ္ဌပ္ပနကိစ္စံ၊ ဝုဋ္ဌေါကိစ္စကို။ သာဓေတိ၊ ပြီးစေတတ်၏။

၂၆ အာဝဇ္ဇနဒ္ဒယဝဇ္ဇိတာနိ ကုသလာကုသလ ဖလ ကိရိယစိတ္တာနိ ပဏ္ဍပညာသ ဇဝနကိစ္စာနိ။

၂၆ အာဝဇ္ဇနဒ္ဒယဝဇ္ဇိတာနိ၊ အာဝဇ္ဇန်း ဒေ့သည် ကြဉ်အပ်ကုန်သော။ ပဏ္ဍပညာသ၊ ငါးဆယ့်ငါးပါးကုန်သော။ ကုသလာ ကုသလ ဖလ ကိရိယစိတ္တာနိ၊ ကုသိုလ်, အကုသိုလ်, ဖိုလ်, ကိရိယာစိတ်တို့သည်။ ဇဝနကိစ္စာနိ နာမ၊ ဇောကိစ္စတပ်သော စိတ်မည်ကုန်၏။

၂၇ အဋ္ဌ မဟာဝိပါကာနိ စေဝ သန္ဓိရဏတ္တယဉ္စေတိ ကောဒသ တဒါရမ္မဏကိစ္စာနိ။

၂၇ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိစေဝ၊ မဟာဝိပါက်စိတ်တို့လည်းကောင်း။ သန္ဓိရဏတ္တယဉ္စ၊ သန္ဓိရဏစိတ် သုံးခုတို့၏ အပေါင်းလည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားဖြင့်။ ကောဒသ၊ တစ်ဆယ့်တစ်ပါးကုန်သော စိတ်တို့သည်။ တဒါရမ္မဏကိစ္စာနိ နာမ၊ တဒါရုံကိစ္စတပ်သော စိတ်မည်ကုန်၏။

http://www.dhammadownload.com

ဆိုင်ရာဖိတ်တို့ တပ်နိုင်သည့်ကိစ္စများ

၂၈ တေသု ပန ဒ္ဒေ ဥပေက္ခာ သဟဂတ သန္တီရဏစိတ္တာနိ ပဋ္ဌိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ သန္တီရဏဝသေန ပဉ္စကိစ္စာနိ နာမ။

၂၈ ပန၊ အစိတ်မှတစ်ပါး အပေါင်းကို ဆိုအံ့။ တေသု၊ ထိုကိစ္စ ၅ နတပ်သော စိတ်အပေါင်းတို့တွင်။ ဒ္ဒေ၊ နှစ်ပါးကုန်သော။ ဥပေက္ခာ-သဟဂတ သန္တီရဏကိစ္စာနိ၊ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်တို့သည်။ ပဋ္ဌိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ သန္တီရဏ ဝသေန၊ ပဋ္ဌိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စတို့၏ အစွမ်းဖြင့်။ ပဉ္စကိစ္စာနိ နာမ၊ ငါးကိစ္စတပ်သော စိတ်မည်ကုန်၏။

၂၉ မဟာဝိပါကာနိ အဋ္ဌ ပဋ္ဌိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏဝသေန စတုကိစ္စာနိ နာမ။

၂၉ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိ၊ မဟာဝိပါက်စိတ်တို့သည်။ ပဋ္ဌိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ ဝသေန၊ ပဋ္ဌိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စတို့၏အစွမ်းဖြင့်။ စတုကိစ္စာနိ နာမ၊ လေးကိစ္စတပ်သော စိတ်မည်ကုန်၏။

၃၀ မဟဂ္ဂတ ဝိပါကာနိ နဝ ပဋ္ဌိသန္ဓိ ဘဝင် စုတိ ဝသေန တိကိစ္စာနိ နာမ။

၃၀ နဝ၊ ကိုးပါးကုန်သော။ မဟဂ္ဂတဝိပါကာနိ၊ မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည်။ ပဋ္ဌိသန္ဓိ ဘဝင် စုတိ ဝသေန၊ ပဋ္ဌိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့၏အစွမ်းဖြင့်။ တိကိစ္စာနိ နာမ၊ သုံးကိစ္စတပ်သောစိတ်မည်ကုန်၏။

http://www.dhammadownload.com

၃၁ သောမနဿ သန္ဓိရဏ် သုန္ဓိရဏတဒါရမ္မဏ ဝေသန် ဒုက္ခိစ္စံ။

၃၁ သောမနဿ သန္ဓိရဏ်၊ သောမနဿ သဟဂုတ် သန္ဓိရဏ စိတ်သည်။ သန္ဓိရဏ တဒါရမ္မဏ ဝေသန်၊ သန္ဓိရဏကိစ္စ, တဒါရုံကိစ္စ တို့၏ အစွမ်းဖြင့်။ ဒုက္ခိစ္စ်၊ နှစ်ကိစ္စတပ်သော စိတ်မည်၏။

၃၂ တထာ ဝေါဋ္ဌပ္ပနံ ဝေါဋ္ဌပ္ပနာ ဝဇ္ဇန ဝေသန်။

၃၂ ဝေါဋ္ဌပ္ပနံ၊ ဝုဋ္ဌောစိတ်သည်။ ဝေါဋ္ဌပ္ပနာဝဇ္ဇနဝေသန်၊ ဝုဋ္ဌော ကိစ္စ, အာဝဇ္ဇန်းကိစ္စတို့၏ အစွမ်းဖြင့်။ တထာ၊ ထို အတူ။ ဒုက္ခိစ္စ်၊ နှစ်ကိစ္စတပ်သော စိတ်မည်၏။

၃၃ သေသာနိ ပန သဗ္ဗာနိပိ ဇဝန မနောဓာတုတ္တိက ဒ္ဝိပဉ္စ ဝိညာဏာနိ ယထာသမ္ဘဝ မေက ကိစ္စာနိတိ။

၃၃ ပန်၊ အနေကကိစ္စမှတစ်ပါး, ကေကိစ္စကို ဆိုအံ့။ သေသာနိ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇဝန မနောဓာတုတ္တိက ဒ္ဝိပဉ္စဝိညာဏာနိ၊ ဇောဝါးဆယ့်ငါးခု, မနောဓာတ် သုံးခု ဒွေပဉ္စဝိညာဏ် တစ်ဆယ်တို့သည်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ကေကိစ္စာနိ၊ တစ်ကိစ္စတပ်သော စိတ်မည်ကုန်၏။ ဤတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ကိစ္စ, ဌာနနှင့်တပ်သော စိတ်မြဲ သင်္ဂဟဂါထာများ

၃၄ ပဋိသန္ဓာဒယော နာမ၊ ကိစ္စဘေဒေန စုဒ္ဒသ။
ဒသဓာ ဌာနဘေဒေန၊ စိတ္တုပ္ပါဒါ ပကာသိတာ။

၃၅ အဋ္ဌသဋ္ဌိ တထာ ဒ္ဝေ စ၊ နဝါဋ္ဌ ဒ္ဝေ ယထာက္ကမံ။
ကေ ဒ္ဝိ တိ စတုပ္ပဉ္စ၊ ကိစ္စ ဌာနာနိ နိဒ္ဒိသေ။

၃၄ ပဋိသန္ဓာဒယော နာမ၊ ပဋိသန္ဓေ အစရှိသည်မည်ကုန်သော။ စိတ္တုပ္ပါဒါ၊ စိတ်စေတသိက်တို့ကို။ ကိစ္စဘေဒေန၊ ကိစ္စတို့၏ အပြားဖြင့်။

http://www.dhammadownload.com

စုဒ္ဓသ၊ တစ်ဆယ်လေးပါး အပြားရှိကုန်၏ဟူ၍။ ပုကာသိတာ၊ ပြအပ်ကုန်၏။ ဌာနဘေဒေန၊ ဌာနတို့၏ အပြားဖြင့်။ ဒသဓာ၊ ဆယ်ပါး အပြားရှိကုန်၏ ဟူ၍။ ပုကာသိတာ၊ ပြအပ်ကုန်၏။

၃၅ ကေ ဒ္ဓိ တိ စတုပ္ပဒ္ဓကိစ္စ ဌာနာနိ၊တစ်ကိစ္စ, တစ်ဌာန နှစ်ကိစ္စ, နှစ်ဌာန သုံးကိစ္စ, သုံးဌာန လေးကိစ္စ, လေးဌာန ငါးက်စ, ငါးဌာန တပ်သောစိတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဋ္ဌသဋ္ဌိ စ၊ ခြောက်ဆယ့်ရှစ်ပါး အပြားရှိကုန်၏ ဟူ၍ လည်းကောင်း။ တထာ၊ ထိုမြို့။ ဒ္ဒေ စ၊ နှစ်ပါးအပြားရှိကုန်၏ ဟူ၍ လည်းကောင်း။ နဝ စ၊ ကိုးပါးအပြားရှိကုန်၏ ဟူ၍လည်းကောင်း။ အဋ္ဌ စ၊ ရှစ်ပါး အပြား ရှိကုန်၏ ဟူ၍လည်းကောင်း။ ဒ္ဒေ စ၊ နှစ်ပါးအပြား ရှိကုန်၏ ဟူ၍ လည်းကောင်း။ နိဒ္ဒိသေ၊ ပြရာ၏။ ဝါ-ပြလော့။

၄—ဒ္ဓါရသင်္ဂဟ

ဒ္ဓါရ ၆—ပါး

၃၆ ဒ္ဓါရသင်္ဂဟောဒ္ဓါရာနိနာမ စက္ခုဒ္ဓါရံ,သောတဒ္ဓါရံ,ဃာနဒ္ဓါရံ, ဇိဝှါဒ္ဓါရံ, ကာယဒ္ဓါရံ, မနောဒ္ဓါရဥေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

၃၆ ဒ္ဓါရသင်္ဂဟော၊ ဒ္ဓါရသင်္ဂဟာ ဘဝ။ ကေ၊ ဣတ္ထိ။ ဝိဘာဝေါ၊ ဝေဖန်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဒ္ဓါရာနိနာမ၊ ဒ္ဓါရတို့မည်သည်ကား။ စက္ခုဒ္ဓါရဥ၊ စက္ခုဒ္ဓါရလည်းကောင်း။ သောတဒ္ဓါရဥ၊ သောတဒ္ဓါရ လည်းကောင်း။ ဃာနဒ္ဓါရဥ၊ ဃာနဒ္ဓါရလည်းတောင်း။ ဇိဝှါဒ္ဓါရဥ၊ ဇိဝှါဒ္ဓါရလည်းကောင်း။ ကာယဒ္ဓါရဥ၊ ကာယဒ္ဓါရလည်းကောင်း။ မနောဒ္ဓါရဥ၊ မနောဒ္ဓါရလည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဆဗ္ဗိဓာနိ၊ ခြောက်ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com

ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း

၃၇ တတ္ထ စက္ခုမေဝ စက္ခုဒ္ဒါရံ၊ တထာ သောတာဒယော သောတဒ္ဒါဒီနိတိ၊ မနောဒ္ဒါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။

၃၇ တတ္ထ၊ ထိုခြောက်ပါးသောဒ္ဒါရတို့တွင်။ စက္ခုမေဝ၊ပသာဒ စက္ခုသည်ပင်လျှင်။ စက္ခုဒ္ဒါရံ၊ စက္ခုဒ္ဒါရမည်၏။ တထာ၊ ထို့အတူ။ သောတာဒယော၊ ပသာဒသောတ အစရှိသည်တို့သည်။ စ၊-ပသာဒ သောတ, ပသာဒဃာန, ပသာဒဇိဝှါ, ပသာဒကာယ တို့သည်။ သောတဒ္ဒါဒီနိ၊ သောတဒ္ဒါရ အစရှိသည် မည်ကုန်၏။ ဝ၊-သောတ ဒ္ဒါရ, ဃာနဒ္ဒါရ, ဇိဝှါဒ္ဒါရ, ကာယဒ္ဒါရ မည်ကုန်၏။ ပန၊ ပဉ္စဒ္ဒါရမှ တစ်ပါး, မနောဒ္ဒါရကို ဆိုအံ့။ ဝ၊-ရူပ်ဒ္ဒါရမှ တစ်ပါး, နာမ်ဒ္ဒါရကို ဆိုအံ့။ ဝ၊-သုဒ္ဓမှ တစ်ပါး, မိဿက ဆိုအံ့။ ဘဝင်္ဂံ၊ ဘဝင်္ဂုပဋ္ဌေဒ တစ်ဆယ့်ကိုးခုကို။ မနောဒ္ဒါရန္တိ၊ မနောဒ္ဒါရ ဟူ၍။ ဝ၊-အာဝဇ္ဇန်း အစရှိသော ဝိထိ စိတ်တို့၏ ဖြစ်ကြောင်း ဟူ၍။ ဝ၊-ဘဝင်္ဂုပဋ္ဌေဒ တစ်ဆယ့်ကိုးခုသည်ပင်လျှင် မနောဒ္ဒါရဝဇ္ဇန်း အစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

၃၈ တတ္ထ ပဉ္စဒ္ဒါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋ္ဆိစ္ဆန သန္တီရဏ ဝေါဋ္ဌပ္ပန ကာမာဝစရ ဇဝန တဒါရမ္မဏ ဝသေန ဆစတ္တာ-လီသ စိတ္တာနိ စက္ခုဒ္ဒါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ။

၃၈ တတ္ထ၊ ထိုဒ္ဒါရသင်္ဘာ၌။ ဝ၊-ခြောက်ပါးသော ဒ္ဒါရတို့တွင်။ ဝ၊-ထိုခြောက်ပါးသော ဒ္ဒါရတို့၌ဖြစ်သော စိတ်တို့တွင်။ စက္ခုဒ္ဒါရေ၊ စက္ခုဒ္ဒါရ၌။ ပဉ္စဒ္ဒါရာဝဇ္ဇနစက္ခုဝိညာဏ သမ္ပဋ္ဆိစ္ဆနသန္တီရဏ ဝေါဋ္ဌပ္ပန ကာမာဝစရဇဝနတဒါရမ္မဏဝသေန၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ဒွေ, သမ္ပဋ္ဆိစ္ဆိန်းဒွေ, သန္တီရဏသုံးခု, ဝုဋ္ဌော, ကာမဇော်တစ်ခုယှုတ်သုံးဆယ်,

http://www.dhammadownload.com

တဒါရုံ ကောဒသတို့၏ အာမိုမ်းအား ဖြင့်။ ဆစတ္တာလီသ စိတ္တာနိ၊ လေးဆယ်ခြောက်ပါးသော စိတ်တို့သည်။ ယထာရဟံ၊ ထိုက်သည့်အား လျော်စွာ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

၃၉ တထာ ပဋ္ဌဒ္ဌါရုဝဇ္ဇနံ သောတဝိညာဏာဒိဝသေန သောတ-ဒ္ဌါရုဒီသုပိ ဆစတ္တာလီသေव ဘဝန္တိတိ သမ္ဘဝတိ ပဋ္ဌ-ဒ္ဌါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ။

၃၉ တထာ၊ ထို့အတူ။ သောတဒ္ဌါရုဒီသုပိ၊ သောတဒ္ဌါရ အစ ရှိသည်တို့ဌာ်လည်း။ ဝါ-သောတဒ္ဌါရ, ဃာနဒ္ဌါရ, ဇိဝှါဒ္ဌါရ, ကာယ ဒ္ဌါရတို့ဌာ်လည်း။ ပဋ္ဌဒ္ဌါရုဝဇ္ဇနံ သောတဝိညာဏာဒိဝသေန၊ ပဋ္ဌဒ္ဌါရု ဝဇ္ဇန်း, သောတဝိညာဏ် အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝါ-ပဋ္ဌဒ္ဌါရု ဝဇ္ဇန်း, သောတဝိညာဏ်, ပဋ္ဌဒ္ဌါရုဝဇ္ဇန်း, ဃာနဝိညာဏ်, ပဋ္ဌဒ္ဌါရု ဝဇ္ဇန်း, ဇိဝှါဝိညာဏ်, ပဋ္ဌဒ္ဌါရုဝဇ္ဇန်း, ကာယဝိညာဏ်, သမ္ပဋ္ဌိစ္ဆိန်းဒွေ, သန္တီရဏသုံးခု ဝုဋ္ဌော, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံ့ကောဒ-သတို့၏ အစွမ်းဖြင့်။ ဆစတ္တာလီသေဝ၊ လေးဆယ်ခြောက်ပါးသောစိတ် တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ သမ္ဘဝတိ၊ အလုံးစုံ သောအခြင်းအရာအား ဖြင့်လည်း။ ပဋ္ဌဒ္ဌါရေ၊ ပဋ္ဌဒ္ဌါရ၌။ စတုပညာသ၊ ငါးဆယ်လေးပါးကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ကာမာဝစရာ-နေဝ၊ ကာမာဝစရစိတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၄၀ မနောဒ္ဌါရေ ပန မနောဒ္ဌါရုဝဇ္ဇနံ ပဋ္ဌပညာသ ဇဝနံ တဒါ-ရမ္မဏာ ဝသေန သတ္တသဋ္ဌိ စိတ္တာနိ ဘဝန္တိ။

၄၀ ပန၊ ပဋ္ဌဒ္ဌါရမှ တစ်ပါး, မနောဒ္ဌါရကို ဆိုအံ့။ မနောဒ္ဌါရေ၊ မနောဒ္ဌါရ၌။ မနောဒ္ဌါရုဝဇ္ဇနံ ပဋ္ဌပညာသ ဇဝနံ တဒါရမ္မဏ-ဝသေန၊ မနောဒ္ဌါရုဝဇ္ဇန်း, ဇောငါးဆယ်ငါးခု, တဒါရုံ့ကောဒသတို့၏

http://www.dhammadownload.com

အစွမ်းဖြင့်။ သတ္တသင်္ခစိတ္တာနိ၊ ခြောက်ဆယ့်ခုနစ်ပါးကုန်သော စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၄၁ ဧကူနဝိသတိ ပဋ္ဌိသန္ဓိ ဘဝင် စုတိ ဝသေန ဒ္ဝါရဝိမုတ္တာနိ။

၄၁ ဧကူနဝိသတိ၊ တစ်ခုယုတ် နှစ်ဆယ်ကုန်သော စိတ်တို့သည်။ ပဋ္ဌိသန္ဓိဘဝင်စုတိဝသေန၊ ပဋ္ဌိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းအားဖြင့်။ ဒ္ဝါရဝိမုတ္တာနိ၊ ဒ္ဝါရခြောက်ပါးမှလွတ်သော စိတ်မည်ကုန်၏။

ဒ္ဝါရဒ္ဒြစ်သော စိတ်များ

၄၂ တေသု ပန ပဉ္စဝိညာဏာနိ စေဝ မဟဂ္ဂတ လောကုတ္တရ ဇဝနာနိ စေတိ ဆတ္တိံသ ယထာရဟ မေကဒ္ဒါရိက စိတ္တာနိ နာမ။

၄၂ ပန၊ အစိတ်မှတစ်ပါး, အပေါင်းကိုဆိုအံ့။ တေသု၊ ထိုဆဒ္ဒါရိကစိတ် အပေါင်းတို့တွင်။ ပဉ္စဝိညာဏာနိ စေဝ၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ်တို့လည်းကောင်း။ မဟဂ္ဂတ လောကုတ္တရ ဇဝနာနိ စ၊ မဟဂ္ဂုတ်, လောကုတ္တရာဇော နှစ်ဆယ်ခြောက်ခုတို့ လည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဖြင့်။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ပါးကုန်သော စိတ်တို့သည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဧကဒ္ဒါရိကစိတ္တာနိ နာမ၊ တစ်ဒ္ဒါရဒ္ဒြစ်သော စိတ်မည်ကုန်၏။

၄၃ မနောဓာတုတ္တိက် ပန ပဉ္စဒ္ဒါရိက်။

၄၃ ပန၊ တစ်ဒ္ဒါရဒ္ဒြစ်သော စိတ်မှတစ်ပါး, ငါးဒ္ဒါရဒ္ဒြစ်သော စိတ်ကိုဆိုအံ့။ မနောဓာတုတ္တိက်၊ မနောဓာတ်သုံးခုသည်။ ပဉ္စဒ္ဒါရိက်၊ ငါးဒ္ဒါရဒ္ဒြစ်၏။

၄၄ သုခသန္တီရဏ ဝေါဋ္ဌပ္ပန ကာမावचरရ ဇဝနာနိ ဆဒ္ဒါရိက စိတ္တာနိ။

http://www.dhammadownload.com

၄၄ သ္ဝခသန္ဓိရဏ ဝေါ၌ဗ္ဗန် ကာမာဝစရ ဇဝနဲ့ဝန်၊ သောမနဿ သဟဂတ် သန္ဓိရဏ, ဝုဋ္ဌော, ကာမဇော တစ်ခုယုတ် သုံးဆယ်တို့သည်။ ဆဒ္ဒါရိကစိတ္တာနိ နာမ၊ ခြောက်ဒ္ဒါရ၌ဖြစ်သော စိတ်မည်ကုန်၏။

၄၅ ဥပေက္ခာ သဟဂတ သန္ဓိရဏ မဟာဝိပါကာနိ ဆဒ္ဒါရိကာနိ စေဝ ဒ္ဒါရဝိမုတ္တာနိ စ။

၄၅ ဥပေက္ခာ သဟဂတ သန္ဓိရဏ မဟာဝိပါကာနိ၊ ဥပေက္ခာ သဟဂတ် သန္ဓိရဏစိတ် နှစ်ခု,မဟာဝိပါက်စိတ်ရှစ်ခုတို့သည်။ ဆဒ္ဒါရိ-ကာနိ စေဝ၊ ရံခါ ခြောက်ဒ္ဒါရ၌လည်း ဖြစ်ကုန်၏။ ဒ္ဒါရဝိမုတ္တာနိ စ၊ ရံခါ ခြောက်ဒ္ဒါရမှလည်း လွတ်ကုန်၏။

၄၆ မဟဂ္ဂတ ဝိပါကာနိ ဒ္ဒါရဝိမုတ္တာနေဝါတိ။

၄၆ မဟဂ္ဂတဝိပါကာနိ၊ မဟဂ္ဂုတ်ဝိပါက်စိတ်ကိုးခုတို့သည်။ ဒ္ဒါရ-ဝိမုတ္တာနေဝ၊ အချင်းခပ်သိမ်း ခြောက်ဒ္ဒါရမှ လွတ်ကုန်သည်သာလျှင် တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဒ္ဒါရ၌ဖြစ်သော စိတ် သင်္ဂဟဂါထာများ

၄၇ ကေ ဒ္ဒါရိက စိတ္တာနိ၊ ပဠု ဆဒ္ဒါရိကာနိ စ။
ဆဒ္ဒါရိက ဝိမုတ္တာနိ၊ ဝိမုတ္တာနိ စ သမ္ဘဝေ။

၄၈ ဆတ္တိံသတိ တထာ တိဏိ၊ ကေတ္တိံသ ယထာက္ကမံ။
ဒသခ နဝခ စေတိ၊ ပဠုခ ပရိဒီပယေ။

၄၇ ကေဒ္ဒါရိကစိတ္တာနိ စ၊ တစ်ဒ္ဒါရ၌ဖြစ်သော စိတ်တို့ကိုလည်း ကောင်း။ ပဠုဆဒ္ဒါရိကာနိ စ၊ ငါးဒ္ဒါရ၌ဖြစ်သော စိတ်,ခြောက်ဒ္ဒါရ၌ ဖြစ်သော စိတ်တို့ကို လည်းကောင်း။ ဆဒ္ဒါရိကဝိမုတ္တာနိ စ၊ ရံခါ ခြောက်ဒ္ဒါရ၌ဖြစ်၍, ရံခါ ခြောက်ဒ္ဒါရမှ လွတ်သော စိတ်တို့ကိုလည်း

http://www.dhammadownload.com

ကောင်း။ သမ္ဘထာ၊ အချင်းခပ်သိမ်း။ ဝိမုတ္တာနိ စ၊ ခြောက်ဒ္ဌါရမ္မ လွတ်သော စိတ်တို့ကိုလည်းကောင်း။

၄၈ ယထာကွမ်၊ အစဉ်အတိုင်း။ ဆတ္တိ သတိ စ၊ သုံးဆယ့်ခြောက်ပါး အပြားရှိကုန်၏ ဟူ၍လည်းကောင်း။ တထာ၊ ထိုမြို့။ တီဏိ စ၊ သုံးပါး အပြားရှိကုန်၏ ဟူ၍လည်းကောင်း။ ဧကတ္တိ သ စ၊ သုံးဆယ့်တစ်ပါး အပြားရှိကုန်၏ ဟူ၍လည်းကောင်း။ ဒသဓာ စ၊ ဆယ်ပါး အပြားရှိကုန်၏ ဟူ၍လည်းကောင်း။ နဝဓာ စ၊ ကိုးပါး အပြားရှိကုန်၏ ဟူ၍လည်းကောင်း။ ဣတိ၊ ဤသို့။ ပဋ္ဌဓာ၊ ငါးပါး အပြားဖြင့်။ ပရိဒီပယေ၊ ပြရာ၏။

၅-အာရမ္မဏသင်္ဂဟ

အာရုံ ၆-ပါး

၄၉ အာရမ္မဏသင်္ဂဟေ အာရမ္မဏာနိ နာမ ရူပါရမ္မဏံ, သဒ္ဒါ-ရမ္မဏံ, ဂန္ဓာရမ္မဏံ, ရသာရမ္မဏံ, ဖောဋ္ဌဗ္ဗာရမ္မဏံ, ဓမ္မာ-ရမ္မဏဥ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

၄၉ အာရမ္မဏသင်္ဂဟေ၊ အာရမ္မဏသင်္ဂဟ၌။ ဝေါ၊ ဤသို့။ ဝိဘာ-ဂေါ၊ ဝေဖန်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တစ်နည်းကား အာရမ္မဏ-သင်္ဂဟေ၊ အာရမ္မဏသင်္ဂဟ၌။ ဝေါ-ဤမိနာ ဝုစ္စမာနနယေန၊ ဤသို့ ဆိုလတ္တံ့သောနည်းဖြင့်။ ဝိဘာဂေါ၊ ဝေဖန်ခြင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ အာရမ္မဏာနိ နာမ၊ အာရုံတို့ မည်သည်ကား။ ရူပါရမ္မဏာဒေ၊ ရူပါရုံလည်းကောင်း။ သဒ္ဒါရမ္မဏာဒေ၊ သဒ္ဒါရုံလည်း-ကောင်း။ ဂန္ဓာရမ္မဏာဒေ၊ ဂန္ဓာရုံလည်းကောင်း။ ရသာရမ္မဏာဒေ၊ ရသာရုံ-လည်းကောင်း။ ဖောဋ္ဌဗ္ဗာရမ္မဏာဒေ၊ ဖောဋ္ဌဗ္ဗာရုံလည်းကောင်း။ ဓမ္မာ-ရမ္မဏာဒေ၊ ဓမ္မာရုံလည်းကောင်း။ ဣတိ-ဤမိနာ ပဘေဒေန၊ ဤသို့သော

http://www.dhammadownload.com

အပြားအားဖြင့်။ ဆဗ္ဗဝေ၊ ခြောက်ပါးအပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

အာရုံဖြင့် စိတ်ကို ဝေဖန်ခြင်း

၅၀ တတ္ထ ရူပမေဝ ရူပါရမ္မဏံ၊ တထာ သဒ္ဒါဒယော သဒ္ဒါ-ရမ္မဏာဒီနိ။

၅၀ တတ္ထ၊ ထိ ခြောက်ပါးသော အာရုံ တို့တည်။ ရူပမေဝ၊ ဝဏ္ဏာယတနသည်ပင်လျှင်။ ရူပါရမ္မဏံ၊ ရူပါရုံမည်၏။ တထာ၊ ထို အတူ။ သဒ္ဒါဒယော၊ သဒ္ဒါယတန အစရှိသည်တို့သည်။ ဝါ—သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနတို့သည်။ သဒ္ဒါရမ္မဏာဒီနိ၊ သဒ္ဒါရုံအစရှိသည်မည်ကုန်၏။ ဝါ-သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ မည်ကုန်၏။

၅၁ ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမ ရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိ ဝသေန ဆဝေ သင်္ခ္ယာတိ။

၅၁ ပန၊ သုဒ္ဓမှတစ်ပါး, မိသဏကိုဆိုအံ့။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံကို။ ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိ ဝသေန၊ ပသာဒရူပ ငါးခု, သုခုမရူပ သောင်္ဘသ, စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒြေပညာသ, နိဗ္ဗာန်, ပညတ်တို့၏ အစုမ်းဖြင့်။ ဆဝေ၊ ခြောက်ပါး အပြားဖြင့်။ သင်္ခ္ယာတိ၊ ရေတွက်အပ်၏။

၅၂ တတ္ထ စက္ခုဒ္ဒါရိကစိတ္တာနံ သဒ္ဒမ္ဘသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒ္ဒါရိကစိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊ တာနိ စ ပစ္စုပ္ပန္နာနိ ဧယ။

၅၂ တတ္ထ၊ ထို အာရမ္မဏသင်္ခ်ာ။ ဝါ-ထိုခြောက်ပါးသောအာရုံ တို့တည်။ ဝါ-ထို ခြောက်ပါးသော် အာရုံ၌ ဖြစ်သော စိတ်တို့တည်။

http://www.dhammadownload.com

သမ္ဘေသမ္မိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ စက္ခုဒ္ဒါရိကစိတ္တာနံ၊ စက္ခုဒ္ဒါရဉ်ဖြစ်ကုန်သောစိတ်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ ရူပမေဝ၊ ရူပါရုံသာတည်း။ တဉ္စ၊ ထိုရူပါရုံသည်လည်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ တထာ၊ ထို့အတူ။ သောတဒ္ဒါရိကစိတ္တာဒီနံ၊ သောတဒ္ဒါရဉ်ဖြစ်သောစိတ် အစရှိသည်တို့၏။ ဝါ-သောတဒ္ဒါရဉ်ဖြစ်သောစိတ်, ဃာနဒ္ဒါရဉ်ဖြစ်သောစိတ်, ဇိဝှါဒ္ဒါရဉ်ဖြစ်သောစိတ်, ကာယဒ္ဒါရဉ် ဖြစ်သောစိတ်တို့၏။ အာရမ္မဏာနိပိ၊ အာရုံတို့သည်လည်း။ သဒ္ဒါဒီနိ၊ သဒ္ဒါရုံ အစရှိသည်တို့တည်း။ ဝါ-သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တည်း။ တာနိ စ၊ ထို သဒ္ဒါရုံ အစရှိသည်တို့သည်လည်း။ ဝါ-ထို သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း။ ပစ္စုပ္ပန္နာနိယေဝ၊ ပစ္စုပ္ပန်တို့သာလျှင်တည်း။

၅၃ မနောဒ္ဒါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္မိ ပစ္စုပ္ပန္နေ မတိတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံ ဟောတိ။

၅၃ ပန၊ သဒ္ဒမ္ပတ်ပါး, မိဿကကိုဆိုအံ့။ ဝါ-ပစ္စုပ္ပန် အာရုံမှ တစ်ပါး, ပစ္စုပ္ပန်, အတီတ်, အနာဂတ်, ကာလဝိမုတ် အာရုံကို ဆိုအံ့။ မနောဒ္ဒါရိကစိတ္တာနံ၊ မနောဒ္ဒါရဉ်ဖြစ်ကုန်သော စိတ်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စုပ္ပန္နဉ္စ၊ ပစ္စုပ္ပန်ဖြစ်ရှိလည်းကောင်း။ အတီတဉ္စ၊ အတိတ်ဖြစ်ရှိ လည်းကောင်း။ အနာဂတဉ္စ၊ အနာဂတ်ဖြစ်ရှိလည်းကောင်း။ ကာလဝိမုတ္တဉ္စ၊ ကာလဝိမုတ်ဖြစ်ရှိလည်းကောင်း။ ဆဗ္ဗိဓမ္မိ၊ ခြောက်ပါး အပြားရှိသော အာရုံသည်လည်း။ ဟောတိ၊ ဖြစ်၏။

၅၄ ဒ္ဒါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင် စုတိ သခ်္ခါတာနံ ဆဗ္ဗိဓမ္မိ ယထာသမ္ဘဝံ ယေဘုယ္ယေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ ပစ္စုပ္ပန္န-မတီတံ ပညတ္တိဘူတံ ဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

http://www.dhammadownload.com

၅၄ ပဋ္ဌိသန္ဓိ ဘဝင် စုတိ သခ်ါတာနံ၊ ပဋ္ဌိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်ကုန်သော။ ဒ္ဝါရဝိမုတ္တာနံ၊ ဒ္ဝါရဝိမုတ်ဟု ဆိုအပ်သောစိတ်တစ်ခု ယုတ် နှစ်ဆယ်တို့၏။ အာရမ္မဏဋ္ဌ၊ အာရုံသည်လည်း။ ယေဘုယ္ယေန၊ မျှားသောအားဖြင့်။ ဘဝန္တရေ၊ အတီတာနန္တရဘဝ၌။ ဆဒ္ဒါရဂ္ဂဟိတံ၊ ခြောက်ဒ္ဝါရဖြင့် ယူအပ်သော။ ဝါ-ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သော။ ပစ္စုပ္ပန္နံ ဝါ၊ ပစ္စုပ္ပန်ဖြစ်၍လည်းကောင်း။ အတ္တိတံ ဝါ၊ အတိတ်ဖြစ်၍လည်းကောင်း။ ပညတ္တိဘူတံ ဝါ၊ ပညတ်ဖြစ်၍ လည်းကောင်း။ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော။ ဆဋ္ဌမ်ိ၊ခြောက်ပါးအပြားရှိသော အာရုံသည်လည်း။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ဟောတိ၊ ဖြစ်၏။

ကေန်, အနေကန် အာရုံဖြစ်သော စိတ်များ

၅၅ တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ကေကာ-ရမ္မဏာနေဝ။

၅၅ တေသု၊ ထို အာရမ္မဏ်ကိ စိတ်အပေါင်းတို့တွင်။ စက္ခုဝိညာ-ဏာဒီနိ၊ တို့သည်။ ဝါ- စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန-ဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် စိတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ရူပါဒိ ကေကာရမ္မဏာနေဝ၊ ရူပါရုံအစရှိသည်တို့တွင် တစ်ပါးပါးသော အာရုံရှိကုန်သည်သာလျှင်တည်း။

၅၆ မနောဓာတုတ္တိကံ ပန ရူပါဒိ ပဉ္စာရမ္မဏံ။

၅၆ မနောဓာတုတ္တိကံ ပန၊ မနောဓာတ်သုံးခုသည်ကား။ ရူပါဒိ ပဉ္စာရမ္မဏ၊ ရူပါရုံ အစရှိသော ငါးပါးသော အာရုံရှိ၏။

http://www.dhammadownload.com

၅၇ သေသာနိ ကာမာဝစရ ဝိပါကာနိ ဟသနစိတ္တဇ္ဇောတိ သဗ္ဗ-ထာပိ ကာမာဝစရာရမ္မဏာနေဝ။

၅၇ သေသာနိ၊ ဒ္ဝေပဉ္စဝိညာဏ်တစ်ဆယ်, သမ္ပဋ္ဌိစ္ဆိန်းဒ္ဝေမှ ကြင်းကုန်သော။ ကာမာဝစရ ဝိပါကာနိ စ၊ ကာမာဝစရဝိပါက်စိတ်တစ်ဆယ်တစ်ခုတို့ လည်းကောင်း။ ဟသနစိတ္တဉ္စ၊ ဟသိတုပ္ပါဒ်စိတ်လည်းကောင်း။ ဤတို-ဤမာနိဒ္ဓါဒသစိတ္တာနိ၊ ဤတစ်ဆယ်နှစ်ပါးသော စိတ်တို့သည်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။ ကာမာဝစရာရမ္မဏာနေဝ၊ ကာမတရားသာလျှင် အာရုံရှိကုန်၏။

၅၈ အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ ဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတာ သဗ္ဗာရမ္မဏာနိ။

၅၈ အကုသလာနိ စေဝ၊ အကုသိုလ်စိတ်တစ်ဆယ်နှစ်ခုတို့လည်းကောင်း။ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ ဇဝနာနိ စ၊ ဉာဏဝိပ္ပယုတ်ကာမာဝစရ ကုသိုလ်, ကိရိယာဇော ရှစ်ခုတို့လည်းကောင်း။ ဤတို-ဤမာနိ ဝိသတိ စိတ္တာနိ၊ ဤနှစ်ဆယ်သော စိတ်တို့သည်။ လောကုတ္တရာ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊ လောကုတ္တရာတရားကိုးပါးသည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။ ဝါ-လောကုတ္တရာတရားကိုးပါးကို ကြဉ်သော အလုံးစုံသော အာရုံရှိကုန်၏။

၅၉ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ ပဋ္ဌမဇ္ဈာန-သခ်ါတံ အဘိညာကုသလဉ္ဇောတိ အရဟတ္တမဂ္ဂ ဖလ ဇ္ဇိ-သဗ္ဗာရမ္မဏာနိ။

၅၉ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ၊ ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်စိတ် လေးခုတို့လည်းကောင်း။ ပဋ္ဌမဇ္ဈာနသခ်ါတံ၊ ပဋ္ဌမဈာန်ဟု ဆိုအပ်သော။ အဘိညာကုသလဉ္စ၊ အဘိညာဏ် ကုသိုလ်

http://www.dhammadownload.com

စိတ်လည်းကောင်း။ ဣတိ-ဣမာနိ ပဋ္ဌစိတ္တာနိ၊ ဤ၈၊ပါ၊သော စိတ်တို့သည်။ အရဟတ္တမဂ္ဂ ဖလ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သည် ကြဉ်အပ်ကုန်သော အလုံးစုံသော အာရုံရှိကုန်၏။ ၀၊-အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြဉ်သော အလုံးစုံသော အာရုံရှိကုန်၏။

၆၀ ဉာဏသမ္ပယုတ္တ ကာမာ၀စရ ကိရိယာနိ ၈၀ ကိရိယာဘိညာ ၀ေါဋ္ဌပ္ပနဥ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

၆၀ ဉာဏသမ္ပယုတ္တ ကာမာ၀စရ ကိရိယာနိ ၈၀၊ ဉာဏသမ္ပယုတ် ကာမာ၀စရ ကိရိယာစိတ်လေးခုတို့လည်းကောင်း။ ကိရိယာဘိညာ စ၊ ကိရိယာအဘိညာဏ်စိတ် လည်းကောင်း။ ၀ေါဋ္ဌပ္ပနဥ္စ၊ ဝုဋ္ဌေါစိတ် လည်းကောင်း။ ဣတိ-ဣမာနိ ဆစိတ္တာနိ၊ တို့သည်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။ သဗ္ဗာရမ္မဏာနိ၊ ခပ်သိမ်းသော အာရုံရှိကုန်၏။

၆၁ အာရုပ္ပေသု ဒုတိယ စတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

၆၁ အာရုပ္ပေသု၊ အရူပစိတ် တစ်ဆယ့်နှစ်ခုတို့တွင်။ ဒုတိယစတုတ္ထာနိ၊ ဝိညာဏဉ္စာယတနစိတ် သုံးခု, နေ၀သညာ နာသညာယတနစိတ်သုံးခုတို့သည်။ မဟဂ္ဂတာရမ္မဏာနိ၊ မဟဂ္ဂတ်တရားသာလျှင် အာရုံရှိကုန်၏။

၆၂ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

၆၂၊ သေသာနိ၊ ဝိညာဏဉ္စာယတနစိတ်သုံးခု, နေ၀သညာ နာသညာယတနစိတ် သုံးခု,အဘိညာဏ်ဒွေမှ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ မဟဂ္ဂတစိတ္တာနိ၊မဟဂ္ဂတ်စိတ်နှစ်ဆယ် တစ်ခုတို့သည်။ ပညတ္တာရမ္မဏာနိ၊ ပညတ်တရားလျှင် အာရုံရှိကုန်၏။

http://www.dhammadownload.com

၆၃ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိတိ။

၆၃ လောကုတ္တရစိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည်။ နိဗ္ဗာနာ-ရမ္မဏာနိ၊ နိဗ္ဗာန်တရားလျှင် အာရုံရှိကုန်၏။ ဝါ-နိဗ္ဗာန်တရားကို အာရုံပြုကုန်၏။ ဤတို၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အာရုံဖြစ်တတ် သင်္ဂဟဂါထာ

၆၄ ပဋ္ဌဝိသ ပရိတ္တမှ၊ ဆစိတ္တာနိ မဟဂ္ဂတေ။
ကေဝိသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာန ဂေါစရေ။

၆၅ ဝိသာနုတ္တရ မုတ္ထမှ၊ အဂ္ဂမဂ္ဂ ဖလုဏ္ဏိတေ။
ပဋ္ဌ သမ္ဘတ္ထ ဆစ္ဆေတိ၊ သတ္ထခ ဘတ္ထ သင်္ဂဟော။

၆၄ ပဋ္ဌဝိသ၊ နှစ်ဆယ့်ငါးပါးသောစိတ်တို့သည်။ ပရိတ္တမှ-ပရိတ္တမှ ဝေ၊ ကာမအာရုံ၌သာလျှင်။ ဟော၏၊ ဖြစ်ကုန်၏။ ဆစိတ္တာနိ၊ ခြောက်ပါးသောစိတ်တို့သည်။ မဟဂ္ဂတေ-မဟဂ္ဂတေ ဝေ၊ မဟဂ္ဂတ် အာရုံ၌သာလျှင်။ ဟော၏၊ ဖြစ်ကုန်၏။ ဇကေဝိသတိ၊ နှစ်ဆယ်တစ်ပါးသောစိတ်တို့သည်။ ဝေါဟာရေ-ဝေါဟာရေ ဝေ၊ ပညတ်အာရုံ၌သာလျှင်။ ဟော၏၊ ဖြစ်ကုန်၏။ အဋ္ဌ၊ ရှစ်ပါးသောစိတ်တို့သည်။ နိဗ္ဗာနဂေါစရေ-နိဗ္ဗာနဂေါစရေဝေ၊ နိဗ္ဗာန်အာရုံ၌သာလျှင်။ ဟော၏၊ ဖြစ်ကုန်၏။

၆၅ ဝိသ၊ နှစ်ဆယ်သောစိတ်တို့သည်။ အနုတ္တရမုတ္တမှ၊ လောကုတ္တရာတရားကိုးပါးမှလွတ်သော အာရုံ၌။ ဟော၏၊ ဖြစ်ကုန်၏။ ပဋ္ဌ၊ ငါးပါးသောစိတ်တို့သည်။ အဂ္ဂမဂ္ဂ ဖလုဏ္ဏိတေ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အာရုံ၌။ ဟော၏၊ ဖြစ်ကုန်၏။ ဆ စ၊ ခြောက်ပါးသော စိတ်တို့သည်ကား။ သမ္ဘတ္ထ၊ ခပ်သိမ်းသော အာရုံ၌။ ဟော၏၊ ဖြစ်ကုန်၏။ ဤတို၊ ဤသို့။ တတ္ထ၊ ထို အာရမ္မဏသင်္ဂဟ၌။ သတ္ထခ၊ ခုနစ်ပါး အပြားဖြင့်။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

၆-ဝတ္ထုသင်္ဂဟ

ဝတ္ထု ၆-ပါး

၆၆ ဝတ္ထုသင်္ဂဟော ဝတ္ထူနိ နာမ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

၆၆ ဝတ္ထုသင်္ဂဟော၊ ဝတ္ထုသင်္ဂဟဋ္ဌ။ ဧဝံ၊ ဤသို့။ ဝိဘာဂေါ၊ ဝေဖန်ခြင်းကို။ ဝေဒိတမ္ဘော၊ သိအပ်၏။ တစ်နည်းကား ဝတ္ထုသင်္ဂဟော၊ ဝတ္ထုသင်္ဂဟဋ္ဌ။ ဧဝံ ဤမိနာ ဝုစ္စမာနနယေန၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝိဘာဂေါ၊ ဝေဖန်ခြင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ ဝတ္ထူနိနာမ၊ ဝတ္ထုတို့မည်ကုန်သည်ကား။ စက္ခုဝတ္ထု စ၊ စက္ခုဝတ္ထုလည်းကောင်း။ သောတဝတ္ထု စ၊ သောတဝတ္ထု လည်းကောင်း။ ဃာနဝတ္ထု စ၊ ဃာနဝတ္ထုလည်းကောင်း။ ဇိဝှါဝတ္ထု စ၊ ဇိဝှါဝတ္ထုလည်းကောင်း။ ကာယဝတ္ထု စ၊ ကာယဝတ္ထုလည်းကောင်း။ ဟဒယဝတ္ထု စ၊ ဟဒယဝတ္ထုလည်းကောင်း။ ဣတိ-ဤမိနာ ပဘေဒေန၊ ဖြင့်။ ဆဗ္ဗိ-ဓာနိပိ၊ ခြောက်ပါး အပြားရှိကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဝတ္ထုဖြင့် ဘုံကို ဝေဖန်ခြင်း

၆၇ တာနိ ကာမလောကေ သမ္ဘာနိပိ လဗ္ဘန္တိ။

၆၇ ကာမလောကေ၊ ကာမဘုံ၌။ သမ္ဘာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာနိ၊ ထိုခြောက်ပါးသော ဝတ္ထုရုပ် တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

၆၈ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

၆၈ ပန၊ အလုံးစုံ ရသည်မှ တစ်ပါး, တစ်စိတ် ရသည်ကို ဆိုအံ့။ ရူပလောကေ၊ ရူပဘုံ၌။ ဃာနာဒိတ္တယံ၊ ဃာနအစရှိသော ဝတ္ထုရုပ်တို့၏ သုံးခုတို့၏ အပေါင်းသည်။ နတ္ထိ၊ မရှိ။

http://www.dhammadownload.com

၆၉ အရှုပလောကေ ပန သဗ္ဗာနိပိ နာ သံဝိဇ္ဇန္တိ။

၆၉ ပန၊ တစ်စိတ်ရသည်မှ တစ်ပါး, အလုံးစုံမရသည်ကို ဆိုအံ့။ အရှုပလောကေ၊အရှုပဘုံ၌။ သဗ္ဗာနိပိ၊အလုံးစုံသော ဝတ္ထုရုပ်တို့သည်လည်း။ နာ သံဝိဇ္ဇန္တိ၊ မရှိကုန်။

ဝတ္ထုဖြင့် စိတ်ကို ဝေမန်ခြင်း

၇၀ တတ္ထ ပဋ္ဌဝိညာဏာ ဓာတုယော ယထာက္ကမံ ကေနေ္တန ပဋ္ဌ-
ပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။

၇၀ တတ္ထ၊ ထိုဝတ္ထုသင်္ဘာ၌။ ဝါ-ထိုခြောက်ပါးသော ဝတ္ထုရုပ်တို့တွင်။ ဝါ-ထိုခြောက်ပါးသော ဝတ္ထုရုပ်ကို မှီ-မမှီမူ၍ ဖြစ်သော ဝိညာဏဓာတ်တို့တွင်။ ပဋ္ဌဝိညာဏဓာတုယော၊ ပဋ္ဌဝိညာဏဓာတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ကေနေ္တန၊ စင်စစ်အားဖြင့်။ ပဋ္ဌပသာဒဝတ္ထူနိ၊ ငါးပါးသောပသာဒဝတ္ထုရုပ်တို့ကို။ နိဿာယေဝ၊ မှီကုန်၍သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၇၁ ပဋ္ဌဒ္ဓါဏုဝဇ္ဇနဿ သမ္ပဋ္ဌိစ္ဆနသခ်ါတာ ပန မနောဓာတု စ
ဟဒယံ နိဿိတာယေဝ ပဝတ္တန္တိ။

၇၁ ပန၊ ပဋ္ဌဝိညာဏဓာတ်မှ တစ်ပါး, မနောဓာတ်ကိုဆိုအံ့။ ပဋ္ဌ-ဒ္ဓါဏုဝဇ္ဇနသမ္ပဋ္ဌိစ္ဆနသခ်ါတာ၊ ပဋ္ဌဒ္ဓါဏုဝဇ္ဇန်း, သမ္ပဋ္ဌိစ္ဆိုန်းဒွေဟုဆိုအပ်ကုန်သော။ မနောဓာတု စ၊ မနောဓာတ်တို့ သည်လည်း။ ဟဒယံ၊ ဟဒယာတ္ထုရုပ်ကို။ နိဿိတာယေဝ၊ မှီကုန်၍ သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၇၂ အဝသေသာ ပန မနောဝိညာဏဓာတုသခ်ါတာ စ သန္တီရဏ-
မဟာဝိပါက ပဋ္ဌိဿဒ္ဓယ ပထမမဂ္ဂ ဟသန ရူပါဝစရဝသေန
ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

http://www.dhammadownload.com

၇၂ ပန်၊ ပဉ္စဝိညာဏဓာတ်, မနောဓာတ်မှတစ်ပါး, မနောဝိညာဏ ဓာတ်ကို ဆိုအံ့။ အဝသေသာ၊ ပဉ္စဝိညာဏဓာတ်, မနောဓာတ်မှကြွင်း ကုန်သော။ သန္ဓိရဏ မဟာဝိပါက ပဋ္ဌိသန္ဓေယဉ် ပထမ မဂ္ဂ ဟသန ရူပါ-ဝစရဝသေန၊ သန္ဓိရဏ သုံးခု, မဟာဝိပါက်စိတ် ရှစ်ခု, ဒေါသမူဋ္ဌေ, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ် တစ်ဆယ့်ငါးခုတို့၏ အစွမ်း ဖြင့်။ တိ သ၊ သုံးဆယ့်ကုန်သော။ မနောဝိညာဏဓာတု သခ်ါတာ၊ မနောဝိညာဏဓာတ်ဟု ဆိုအပ်ကုန်သော။ ဝိညာဏဓာတုယော စ၊ ဝိညာဏဓာတ်တို့ သည်လည်း။ ဟဒယံ၊ ဟဒယဝတ္ထုရူပ်ကို။ နိဿာ-ယေဝ၊ မှီကုန်၍သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၇၃ အဝသေသာ ကုသလာ ကုသလာ ကိရိယာနုတ္တရဝသေန ပန နိဿာယ ဝါ အနိဿာယ ဝါ။

၇၃ ပန်၊ ကောန်မှီသည်မှ တစ်ပါး, အနောကန်မှီသည်ကို ဆိုအံ့။ အဝသေသာ၊ သန္ဓိရဏ သုံးခု, မဟာဝိပါက်စိတ် ရှစ်ခု, ဒေါသမူဋ္ဌေ, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ်တစ်ဆယ့်ငါးခုတို့မှ ကြွင်းကုန် သော။ ကုသလာကုသလ ကိရိယာနုတ္တရ ဝသေန၊ လောကီကုသိုလ်စိတ် တစ်ဆယ့်နှစ်ခု, အကုသိုလ်စိတ် တစ်ဆယ်, ကိရိယာစိတ်တစ်ဆယ့်သုံးခု, လောကုတ္တရာစိတ် ခုနှစ်ခုတို့၏ အစွမ်းဖြင့်။ ဒွေစတ္တာလီသ၊ လေးဆယ့် နှစ်ပါးကုန်သော။ မနောဝိညာဏဓာတုယော၊ တို့သည်။ ဟဒယံ၊ ဟဒယဝတ္ထုရူပ်ကို။ နိဿာယ ဝါ၊ မှီကုန်၍လည်းကောင်း။ အနိဿာယ ဝါ၊ မမှီကုန်မူ၍လည်းကောင်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၇၄ အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ။

၇၄ အာရုပ္ပဝိပါကဝသေန၊ အရူပဝိပါက်စိတ်လေးခုတို့၏အစွမ်း ဖြင့်။ စတဿော၊ လေးပါးကုန်သော။ မနောဝိညာဏဓာတုယော၊

http://www.dhammadownload.com

မနောဝိညာဏဓာတ်တို့သည်။ ဟဒယံ၊ ဟဒယဝတ္ထုရုပ်ကို။ အနိဿာ-ယော၀၊ မမှီကုန်မူ၍သာလျှင်။ ပ၀တ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ၀ေဒိတဗ္ဗံ၊ သိအပ်၏။

ဝတ္ထုရုပ်နှင့် ဘုံစိတ် သင်္ဂဟဂါထာများ

၇၅ ဆ၀တ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ။
တိ၀တ္ထုံ နိဿိတာ ရူပေ၊ ဓာတ္တေကာ နိဿိတာ မတာ။

၇၆ တေစတ္တာလီသ နိဿာယ၊ ဒ္ဝေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။

၇၅ ကာမေ၊ကာမတစ်ဆယ့်တစ်ဘုံ၌။ ဆ၀တ္ထုံ၊ ခြောက်ပါးသော ၀တ္ထုရုပ်ကို။ နိဿိတာ၊မှီ၍ဖြစ်ကုန်သော။ ဝိညာဏဓာတုယော၊ ဝိညာ-ဏဓာတ်တို့ကို။ သတ္တ၊ခုနစ်ပါး အပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်-ကုန်၏။ ရူပေ၊အသညသတ်ကြဉ်သော ရူပဘစ်ဆယ့်ငါးဘုံ၌။ တိ၀တ္ထုံ၊ သုံးပါးသော ၀တ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ ဝိညာဏ-ဓာတုယော၊ ဝိညာဏဓာတ်တို့ကို။ စတုဗ္ဗိဓာ၊ လေးပါး အပြားရှိ-ကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ အရူပေ၊ အရူပလေးဘုံ၌။ ဓတ္တုံ၊ကို။ အနိဿိတာ-အနိဿိတာ ၀ေ၊ မမှီမူ၍သာလျှင် ဖြစ်သော။ ကော၊ တစ်ခုသော။ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏။

၇၆ တေစတ္တာလီသ၊ လေးဆယ့်သုံးပါးကုန်သောစိတ်တို့သည်။ ဝတ္ထုံ၊ဝတ္ထုရုပ်ကို။ နိဿာယ-နိဿာယ၀ေ၊မှီကုန်၍သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။ ဒ္ဝေစတ္တာလီသ၊လေးဆယ့်နှစ်ပါးကုန်သော စိတ်တို့သည်။ ဝတ္ထုံ၊ဝတ္ထုရုပ်ကို။ နိဿာယ စ၊မှီကုန်၍လည်း၊ကောင်း။ အနိဿာယ စ၊ မမှီကုန်မူ၍လည်း၊ကောင်း။ ဇာယရေ၊ဖြစ်ကုန်၏။ ပါကာရုပ္ပါ၊ အရူပ

http://www.dhammadownload.com

ဝိပါက်စိတ်လေးခုတို့သည်။ ဝတ္ထု၊ ဝတ္ထုရုပ်ကို။ အနှိုသိတာ-အနှိုသိတာဝေ၊ မမှီကုန်မူရ၍သာလျင်။ ဇာယရော၊ ဖြစ်ကုန်၏။

ပကိဏ်းဝိုင်း နိဂုံး

ဤတိ အဘိဓမ္မတ္ထသင်္ဂဟေ ပကိဏ္ဏက သင်္ဂဟ ဝိဘာဂေါ နာမ တတိယော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထသင်္ဂဟော၊ အဘိဓမ္မာ ခုနစ်ကျမ်းဌ ဟောကြာင်းမူအပ်ကုန်သော အနက်တို့ကို အကျဉ်းအားဖြင့် ယူရာယူကြောင်း သင်္ဂြိဟ်ရာ သင်္ဂြိဟ်ကြောင်း ဖြစ်ခြင်းကြောင့် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော ကျမ်းဌ။ ပကိဏ္ဏက သင်္ဂဟ ဝိဘာဂေါ နာမ၊ ပကိဏ္ဏကသင်္ဂဟကို ဝေဖန်ရာ ဝေဖန်ကြောင်း မည်သော။ တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ ဤတိ-သမတ္တော၊ ပြီးပြီ။

ပကိဏ်းပိုင်း ပြီး၏။

http://www.dhammadownload.com

၄-ဝိထိပိုင်း

ပဋ္ဌာန်

၁ စိတ္တုပ္ပါဒါနံ မိစ္ဆေဝံ၊ ကတ္တာ သင်္ဂဟ မုတ္တရံ။
ဘူမိ ပုဂ္ဂလ ဘေဒေန၊ ပုဗ္ဗာပရ နိယာမိတံ။
ပဝတ္တိ သင်္ဂဟံ နာမ၊ ပဋ္ဌိသန္ဓိ ပဝတ္တိယံ။
ပဝတ္ထာမိ သမာသေန၊ ယထာသမ္ဘဝတော ကထံ။

၁ အဟံ၊ သည်။ ဤစေ့ဝံ-ဤတိ ဝေ ယထာဝုတ္တနယေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ စိတ္တုပ္ပါဒါနံ၊ စိတ်, စေတသိက် ဖြစ်ကုန်သော နာမ်ကွန်ရှာလေးပါးတို့၏။ ဥတ္တရံ၊ ဝေဒနာသင်္ဂဟ အစရှိ သည်တို့ကို ဝေဖန်သောအားဖြင့် မြတ်သော။ သင်္ဂဟံ၊ အပြားအား ဖြင့် မိန့်အပ်သော ပကိဏ္ဏက သင်္ဂဟကို။ ကတ္တာ၊ ပြုပြီး၍။ ပုန၊ တစ်ဖန်။ ဘူမိပုဂ္ဂလဘေဒေန၊ ဘုံ ပုဂ္ဂိုလ်တို့၏ အပြားဖြင့်။ လက္ခဏာ၊ မှတ်အပ်သော။ ပုဗ္ဗာပရနိယာမိတံ၊ ရှေးစိတ် နောက်စိတ်တို့ဖြင့်မှတ်အပ် သော။ ပဋ္ဌိသန္ဓိပဝတ္တိယံ၊ ပဋ္ဌိသန္ဓေအခါ, ပဝတ္တိအခါ၌။ ဝါ-ပဋ္ဌိသန္ဓေ အခါ, ပဝတ္တိအခါတို့တွင်။ ပဝတ္တိသင်္ဂဟံ နာမ၊ ပဝတ္တိသင်္ဂဟ အမည် ရှိသော ဝိထိသင်္ဂဟကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ယထာ-သမ္ဘဝတော၊ ဖြစ်သင့်သည်အားလျော်စွာ။ ပဝတ္ထာမိ၊ အပြားအားဖြင့် ဆိုပေအုံ့။

ဆ ဆက္ကာ မာတိကာ

၂ ဆ ဝတ္ထူနိ, ဆ ဒ္ဒါရာနိ, ဆ အာရမ္မဏာနိ, ဆ ဝိညာဏာနိ, ဆ ဝီထိယော, ဆဓာ ဝိသယပ္ပဝတ္တိ စေတိ ဝိထိသင်္ဂဟော ဆ ဆက္ကာနိ ဝေဒိတဗ္ဗာနိ။

http://www.dhammadownload.com

၂ ကထံ ပဝတ္တာမိ၊ အဘယ်ကဲ့သို့ ဆိုအပ်သနည်း ဟူမူကား။ ဆ၊ ခြောက်ပါးကုန်သော။ ဝတ္ထုနိ စ၊ ဝတ္ထုတို့လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ဒ္ဒါရာနိ စ၊ ဒ္ဒါရတို့ လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ အာရမ္မဏာနိ စ၊ အာရုံတို့လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ဝိညာဏာနိ စ၊ ဝိညာဏ်တို့ လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ဝီထိယော စ၊ ဝီထိတို့ လည်းကောင်း။ ဆဝ၊ ခြောက်ပါးအပြားရှိသော။ ဝိသယပ္ပဝတ္တိ စ၊ အာရုံတို့၏ ဒ္ဒါရတို့၌ ဖြစ်ခြင်းလည်းကောင်း။ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းလည်းကောင်း။ ဣတိ၊ ဣဏှိ။ ဝီထိသင်္ဂေါ၊ ဝီထိသင်္ဂဟော။ ဆ၊ ခြောက်ပါးကုန်သော။ ဆဏ္ဏာနိ၊ ဆဏ္ဏတို့ကို။ ဝေဒိတမ္ဘာနိ၊ သိအပ်ကုန်၏။

ဝီထိမုတ္တ ဝိသယပ္ပဝတ္တိ ၃-ပါး

၃ ဝီထိမုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

၃ ပန၊ အထူးကိုဆိုအံ့။ ဝီထိမုတ္တာနံ၊ ဝီထိမုတ်စိတ် တစ်ခုယုတ်နှစ်ဆယ်တို့၏။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည်။ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အစွမ်းဖြင့်။ တိဝိဓာ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ **တစ်နည်းကား** ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အစွမ်းဖြင့်။ တိဝိဓာ၊ သုံးပါး အပြားရှိသော။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၏ စိတ်တို့၌ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အမှာစကား

၄ ဘတ္တ ဝတ္ထု ဒ္ဒါရာ ရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။

၄ ဘတ္တ-တေသု ဆသု ဆက္ကေသု၊ ထိုခြောက်ပါးသော ဆက္ကတို့တင်။ ဝတ္ထု ဒ္ဒါရာ ရမ္မဏာနိ၊ ဝတ္ထု, ဒ္ဒါရ, အာရုံ တို့သည်။ ပုဗ္ဗေ၊

http://www.dhammadownload.com

ရှေးဖြစ်သော ပကိဏ္ဏကသင်္ဂဟ၌။ ဝုတ္တနယာနေ၀၊ ဆိုအပ်ခဲ့ပြီးသော နည်းရှိကုန်သည်သာလျင်တည်း။

ဝိညာဏ် ဆက္ကား

ဝိညာဏ် ၆-ပါး

၅ စက္ခုဝိညာဏ်,သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟူတို့ ဆ ဝိညာဏာနိ။

၅ စက္ခုဝိညာဏာဟု၊ စက္ခုဝိညာဏ်လည်းကောင်း။ သောတဝိညာ-ဏာဟု၊သောတဝိညာဏ်လည်းကောင်း။ဃာနဝိညာဏာဟု၊ ဃာနဝိညာဏ်လည်းကောင်း။ ဇိဝှါဝိညာဏာဟု၊ ဇိဝှါဝိညာဏ်လည်းကောင်း။ကာယ-ဝိညာဏာဟု၊ ကာယဝိညာဏ်လည်းကောင်း။ မနောဝိညာဏာဟု၊ မနော ဝိညာဏ်လည်းကောင်း။ ဤတို့၊ ဤသို့။ ဆ၊ ခြောက်ပါးကုန်သော။ ဝိညာဏာနိ၊ ဝိညာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝိထိ ဆက္ကား

ဒွါရ ဝိညာဏ်အားဖြင့် ဝိထိ ၆-ပါး

၆ ဆ ဝိထိယောပန စက္ခုဒ္ဒါရဝိထိ,သောတဒ္ဒါရဝိထိ, ဃာနဒ္ဒါရ ဝိထိ, ဇိဝှါဒ္ဒါရဝိထိ, ကာယဒ္ဒါရဝိထိ, မနောဒ္ဒါရဝိထိ စေတိ ဒ္ဒါရ၀သေန ၀ါ၊ စက္ခုဝိညာဏဝိထိ, သောတဝိညာဏဝိထိ, ဃာနဝိညာဏဝိထိ, ဇိဝှါဝိညာဏဝိထိ, ကာယဝိညာဏဝိထိ, မနောဝိညာဏ်ဝိထိ စေတိ ဝိညာဏ၀သေန ၀ါ ဒ္ဒါရပ္ပ၀တ္တာ စိတ္တပ္ပ၀တ္တိယော ယောဇေတဗ္ဗာ။

၆ ပန၊အထူးကိုဆိုအံ့။ ၀ါ-သုဒ္ဓမှတစ်ပါး,မိသဏကိုဆိုအံ့။ ၀ါ-အဘေဒမှတစ်ပါး,ဘေဒကိုဆိုအံ့။ဒ္ဒါရပ္ပ၀တ္တာ၊ ဒ္ဒါရ၌ဖြစ်ကုန်သော။ စိတ္တပ္ပ၀တ္တိယော၊ စိတ်တို့၏ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော။ ဝိထိယော၊

http://www.dhammadownload.com

ဝိထိတို့ကို။ စက္ခုဒ္ဓါရဝိထိ စ၊ စက္ခုဒ္ဓါရဝိထိလည်းကောင်း။ သောတ-ဒ္ဓါရဝိထိ စ၊ သောတဒ္ဓါရဝိတိလည်းကောင်း။ ဃာနဒ္ဓါရဝိထိ စ၊ ဃာနဒ္ဓါရဝိထိလည်းကောင်း။ ဇိဝှါဒ္ဓါရဝိထိ စ၊ ဇိဝှါဒ္ဓါရ ဝိထိ လည်းကောင်း။ ကာယဒ္ဓါရဝိထိ စ၊ ကာယဒ္ဓါ၎ဝိထိလည်းကောင်း။ မနောဒ္ဓါရဝိထိ စ၊ မနောဒ္ဓါရဝိထိလည်းကောင်း။ ဤတို့၊ ဤသို့။ ဒ္ဓါရဝေသနဝါ၊ ဒ္ဓါရ၏ အစွမ်းဖြင့်လည်းကောင်း။ စက္ခုဝိညာဏဝိထိ စ၊ စက္ခုဝိညာဏဝိထိလည်းကောင်း။ သောတဝိညာဏဝိထိ စ၊ သောတဝိညာဏဝိထိလည်းကောင်း။ ဃာနဝိညာဏဝိထိ စ၊ ဃာနဝိညာဏဝိထိ လည်းကောင်း။ ဇိဝှါဝိညာဏဝိထိ စ၊ ဇိဝှါဝိညာဏဝိထိ လည်းကောင်း။ ကာယဝိညာဏဝိထိ စ၊ ကာယဝိညာဏဝိထိ လည်းကောင်း။ မနောဝိညာဏဝိထိ စ၊ မနောဝိညာဏဝိထိ လည်းကောင်း။ ဤတို့၊ ဤသို့။ ဝိညာဏဝေသနဝါ၊ ဝိညာဏ်၏ အစွမ်းဖြင့်လည်းကောင်း။ ဆ၊ ခြောက်ပါး အပြားရှိကုန်၏ ဟူ၍။ ယောဇေတမ္ဘာ၊ ယှဉ်အပ်ကုန်၏။

တစ်နည်းကား ဒ္ဓါရပွဝတ္တာ၊ ဒ္ဓါရ၌ဖြစ်ကုန်သော။ ဝိထိယော၊ ဝိထိတို့ကို။ စက္ခုဒ္ဓါရဝိထိ စ၊ စက္ခုဒ္ဓါရဝိထိ လည်းကောင်း။ သောတဒ္ဓါရ-ဝိထိ စ၊ သောတဒ္ဓါရဝိထိလည်းကောင်း။ ဃာနဒ္ဓါရဝိထိ စ၊ ဃာနဒ္ဓါရဝိထိ လည်းကောင်း။ ဇိဝှါဒ္ဓါရဝိထိ စ၊ ဇိဝှါဒ္ဓါရဝိထိ လည်းကောင်း။ ကာယဒ္ဓါရဝိထိ စ၊ ကာယဒ္ဓါရဝိထိလည်းကောင်း။ မနောဒ္ဓါရဝိထိ စ၊ မနောဒ္ဓါရဝိထိလည်းကောင်း။ ဤတို့၊ ဤသို့။ ဒ္ဓါရဝေသနဝါ၊ ဒ္ဓါရ၏ အစွမ်းအားဖြင့်လည်းကောင်း။ ဆ၊ ခြောက်ပါးအပြားရှိကုန်၏ ဟူ၍။ ယောဇေတမ္ဘာ၊ ယှဉ်အပ်ကုန်၏။ စိတ္တပွဝတ္တိယော၊ စိတ်တို့၏ ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော။ ဝိထိယော၊ ဝိတိတို့၏။ စက္ခု-ဝိညာဏဝိထိ စ၊ စက္ခုဝိညာဏဝိထိလည်းကောင်း။ သောတဝိညာဏဝိထိ F
စ၊ သောတဝိညာဏဝိထိလည်းကောင်း။ ဃာနဝိညာဏဝိထိ စ၊ ဃာန

http://www.dhammadownload.com

ဝိညာဏဝိထိလည်းကောင်း။ ဇိဝှါဝိညာဏဝိထိ စ၊ ဇိဝှါဝိညာဏဝိထိ လည်းကောင်း။ ကာယဝိညာဏဝိထိ စ၊ ကာယဝိညာဏဝိထိ လည်းဝကောင်း။ မနောဝိညာဏဝိထိ စ၊ မနောဝိညာဏဝိထိလည်းကောင်း။ ဣတိ၊ ဣတ္ထိ။ ဝိညာဏဝဝသေန ဝါ၊ ဝိညာဏ်၏ အစွမ်းဖြင့်လည်း ကောင်း။ ဆ၊ ခြောက်ပါးအပြားရှိကုန်၏ ဟူ၍။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

တစ်နည်းကား ဒွါရဝသေန ဝါ၊ ဒွါရ၏အစွမ်းဖြင့်လည်း။ ဒွါရပ္ပ-ဝတ္ထာ၊ ဒွါရ၌ဖြစ်ကုန်သော။ ဝိထိယော၊ ဝိထိတို့ကို။ စက္ခုဒွါရဝိထိ စ၊ စက္ခုဒွါရဝိထိလည်းကောင်း။ သောတဒွါရဝိထိ စ၊ သောတဒွါရဝိထိ လည်းကောင်း။ ဃာနဒွါရဝိထိ စ၊ ဃာနဒွါရဝိထိလည်းကောင်း။ ဇိဝှါဒွါရဝိထိ စ၊ ဇိဝှါဒွါရဝိထိ လည်းကောင်း။ ကာယဒွါရဝိထိ စ၊ ကာယဒွါရဝိထိ လည်းကောင်း။ မနောဒွါရဝိထိ စ၊ မနောဒွါရ ဝိထိလည်းကောင်း။ ဣတိ၊ ဣတ္ထိ။ ဆ၊ ခြောက်ပါးအပြားရှိကုန်၏ ဟူ၍။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။ ဝိညာဏဝဝသေန ဝါ၊ ဝိညာဏ်၏ အစွမ်းဖြင့်လည်း။ စိတ္တပ္ပဝတ္ထိယော၊ စိတ်တို့၏ဖြစ်ခြင်းဟု ဆိုအပ်ကုန် သော။ ဝိထိယော၊ ဝိထိတို့ကို။ စက္ခုဝိညာဏဝိထိ စ၊ စက္ခုဝိညာဏဝိထိ လည်းကောင်း။ သောတဝိညာဏဝိထိ စ၊ သောတဝိညာဏဝိထိ လည်းကောင်း။ ဃာနဝိညာဏဝိထိ စ၊ ဃာနဝိညာဏဝိထိ လည်း ကောင်း။ ဇိဝှါဝိညာဏဝိထိ စ၊ ဇိဝှါဝိညာဏဝိထိ လည်းကောင်း။ ကာယဝိညာဏဝိထိ စ၊ ကာယဝိညာဏဝိထိ လည်းကောင်း။ မနော ဝိညာဏဝိထိ စ၊ မနောဝိညာဏဝိထိ လည်းကောင်း။ ဣတိ၊ ဣတ္ထိ။ ဆ၊ ခြောက်ပါးအပြားရှိကုန်၏ ဟူ၍။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

9 **တစ်နည်းကား** ဆ၊ ခြောက်ပါးအပြားရှိကုန်သော။ ဝိထိယော၊ ဝိထိတို့ကို။ စက္ခုဒွါရဝိထိ စ၊ စက္ခုဒွါရဝိထိ လည်းကောင်း။ သောတ

http://www.dhammadownload.com

ဒ္ဒါရဝိထိ စ၊ သောတဒ္ဒါရဝိထိ လည်းကောင်း။ ဃာနဒ္ဒါရဝိထိ စ၊ ဃာနဒ္ဒါရဝိထိလည်းကောင်း။ ဇိဝှါဒ္ဒါရဝိထိ စ၊ ဇိဝှါဒ္ဒါရဝိထိ လည်းကောင်း။ကာယဒ္ဒါရဝိထိ စ၊ ကာယဒ္ဒါရဝိထိလည်းကောင်း။ မနောဒ္ဒါရဝိထိ စ၊မနောဒ္ဒါရဝိထိလည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဒါရဝသေနဝါ၊ ဒ္ဒါရ၏ အစွမ်းဖြင့် လည်း။ ဒ္ဒါရပ္ပဝတ္တာ၊ ဒ္ဒါရ၌ဖြစ်ကုန်၏ဟူ၍။ ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။ ဆ၊ခြောက်ပါးကုန်သော။ ဝိထိယော-ဝိထိတ္ဝိကို။ စက္ခုဝိညာဏဝိထိ စ၊ စက္ခုဝိညာဏဝိထိ လည်းကောင်း။ သောတဝိညာဏဝိထိ စ၊သောတဝိညာဏဝိထိလည်းကောင်း။ ဃာန-ဝိညာဏဝိထိ စ၊ ဃာနဝိညာဏဝိထိ လည်းကောင်း။ ဇိဝှါဝိညာဏဝိထိ စ၊ ဇိဝှါဝိညာဏဝိထိ လည်းကောင်း။ ကာယဝိညာဏဝိထိ စ၊ကာယ-ဝိညာဏဝိထိ လည်းကောင်း။ မနောဝိညာဏဝိထိ စ၊မနောဝိညာဏ-ဝိထိလည်းကောင်း။ ဣတိ၊ ဤသို့။ ဝိညာဏဝသေနဝါ၊ ဝိညာဏ်၏ အစွမ်းအားဖြင့်လည်း။ စိတ္တပ္ပဝတ္ထိယော၊ စိတ်တို့၏ ဖြစ်ခြင်းတို့ဟူ၍။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏။

ဝိသယပ္ပဝတ္တိ ဆက္က

ပဋ္ဌဒ္ဒါရဝိသယပ္ပ ၏ ၄-ပါးနှင့် မနောဒ္ဒါရဝိသယပ္ပဝတ္တိ ၂-ပါး

၇ အတိမဟန္တံ, မဟန္တံ, ပရိတ္တံ, အတိပရိတ္တဥ္စေတိ ပဋ္ဌဒ္ဒါရေ၊ မနောဒ္ဒါရေ ပန ဝိဘူတာ မဝိဘူတဥ္စေတိ ဆခေါ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ။

၇ အတိမဟန္တဥ္စ၊ အလွန်မျှားသော ဝိထိစိတ္တပ္ပါဒ်ရှိသော အာရုံ လည်းကောင်း။ မဟန္တဥ္စ၊ မျှားသော ဝိထိစိတ္တပ္ပါဒ်ရှိသော အာရုံ လည်းကောင်း။ ပရိတ္တဥ္စ၊ နည်းသော ဝိထိစိတ္တပ္ပါဒ် ရှိသော အာရုံ လည်းကောင်း။အတိပရိတ္တဥ္စ၊အလွန်နည်းသော ဝိထိစိတ္တပ္ပါဒ်ရှိသော အာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ပဋ္ဌဒ္ဒါရေ၊ ပဋ္ဌဒ္ဒါရ၌။ ဝိသယပ္ပ-

http://www.dhammadownload.com

ဝတ္ထု၊ အာရုံတို့၏ ဒ္ဒါရတို့၌ ဖြစ်ခြင်းသည်။ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည်။ စတုဗိုဓ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ မနောဒ္ဒါရေ၊ မနောဒ္ဒါရ၌။ ဝိဘူတဋ္ဌ၊ ထင်သောအာရုံလည်းကောင်း။ အဝိဘူတဋ္ဌ၊ မထင်သောအာရုံ လည်းကောင်း။ ဣတိ၊ ဤသို့။ ဝိသ-ယပ္ပဝတ္ထု၊ အာရုံတို့၏ ဒ္ဒါရတို့၌ဖြစ်ခြင်းသည်။ ဝါ အာရုံတို့၌ စိတ်တို့ ၏ဖြစ်ခြင်းသည်။ ဒ္ဝိဓာ၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားဖြင့်။ ဆဒ္ဓာ၊ ခြောက်ပါး အပြားရှိသော။ ဝိသယပ္ပဝတ္ထု၊ အာရုံတို့၏ ဒ္ဒါရတို့၌ ဖြစ်ခြင်းကို။ ဝါ-အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တစ်နည်း ဝိသယပ္ပဝတ္ထု၊ အာရုံတို့၏ဒ္ဒါရတို့၌ဖြစ်ခြင်းကို။ ဝါ-အာရုံတို့၌စိတ်တို့၏ ဖြစ်ခြင်းကို။ ဆဒ္ဓာ၊ ခြောက်ပါး အပြားရှိ၏ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

စိတ်သက်နှင့် ရူပ်သက်

၇ ကထံ-

ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ကေစိတ္တက္ခဏံ နာမ။

၇ ကထံ ဝေဒိတဗ္ဗာ၊ အဘယ်သို့ သိအပ်သနည်း ဟူမူကား။ ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန၊ ဥပါဒ်, ဌိ, ဘင်တို့၏ အစွမ်းဖြင့်။ ခဏတ္တယံ၊ ခဏငယ် သုံးခုတို့၏ အပေါင်းသည်။ ကေစိတ္တက္ခဏံ နာမ၊ တစ်ခု သော စိတ္တက္ခဏ မည်၏။

၉ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပမ္ပိ နာယူ။

၉ ပန၊ စိတ်သက်မှတစ်ပါး, ရူပ်သက်ကိုဆိုအံ့။ တာနိ-တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော။ သတ္တရသ စိတ္တက္ခဏာနိ၊ တစ်ဆယ့်ခုနစ်ခု ရှိ သော စိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည်။ ရူပမ္ပိ နာနိ၊ ဝိညတ်ရူ

http://www.dhammadownload.com

လက္ခဏရုပ်လေးခုံသည်ကြဉ်အပ်သော နှစ်ဆယ်နှစ်ပါးသောရုပ်တို့၏။ အာယူ၊ အသက်တို့တည်း။

ပဋ္ဌာန်ရ ဝိထိမျှား

စက္ခုဒ္ဒါရိက အတီမဟဂ္ဂေ ဝိထိ

၁၀ ကေစိတ္တက္ခဏာတိစာနိ ၀ါ ဗဟုစိတ္တက္ခဏာတိတာနိ ၀ါ ဌိတိပ္ပတ္တာနေ၀ ပဋ္ဌာရမ္မဏာနိ ပဋ္ဌဒ္ဒါရေ အာပါထ မာဂစ္ဆန္တိ၊ တသ္မာ ယဒိ ကေစိတ္တက္ခဏာတိတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထ မာဂစ္ဆတိ။

၁၀ ကေစိတ္တက္ခဏာတိတာနိ၀ါ၊တစ်ခုသောစိတ်၏ခဏကဲ့သို့သော ခဏလျင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း။ ဗဟုစိတ္တက္ခဏာ-တိတာနိ ၀ါ၊များစွာသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း။ ၀ါ-တစ်ခုသောစိတ်,နှစ်ခုသောစိတ်, သုံးခုသောစိတ်, လေးခုသောစိတ်, ငါးခုသောစိတ်, ခြောက်ခုသောစိတ်, ခုနှစ်ခုသောစိတ်, ရှစ်ခုသောစိတ်, ကိုးခုသောစိတ်,ဆယ်ခုသောစိတ်,တစ်ဆယ့်တစ်ခုသောစိတ်, တစ်ဆယ့်နှစ်ခုသောစိတ်, တစ်ဆယ့်သုံးခုသောစိတ်,တစ်ဆယ့်လေးခုသောစိတ်,တစ်ဆယ့်ငါးခုသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျင် လွန်ခြင်းရှိကုန်သည်ဖြစ်၍ လည်းကောင်း။ဌိတိပ္ပတ္တာနေ၀၊ဌိသို့ရောက်ကုန်သည် ဖြစ်ရှိသောလျင်။ ပဋ္ဌာ-ရမ္မဏာနိ၊ငါးပါးသော အာရုံတို့သည်။ပဋ္ဌဒ္ဒါရေ၊ပဋ္ဌဒ္ဒါရ၌။အာပါထံ၊ ထင်ခြင်းသို့။ ယသ္မာ၊ အကြင်ကြောင့်။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ထို့ကြောင့်။ကေစိတ္တက္ခဏာတိတကံ၊တစ်ခုသောစိတ်၏ခဏကဲ့သို့သောခဏလျင် လွန်ခြင်းရှိသော။ ရူပါရမ္မဏံ၊ရူပါရုံသည်။ စက္ခုဿ၊ စက္ခုပသာဒအား။ အာပါထံ၊ ထင်ခြင်းသို့။ ယဒိ အာဂစ္ဆတိ၊ အကယ်၍ ရောက်သည်ဖြစ်အုံ။ ဧ၀ံသတိ၊ ဤသို့ရောက်သည်ရှိသော်—

http://www.dhammadownload.com

၁၁ တတော ဖရံ ဒ္ဌိကွတ္တုံ ဘဝင်ေ စလိတေ ဘဝင်ေသောတံ ေဝါစ္ဆိန္နိတ္ဘာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဋ္ဌဒ္ဌါရာဝဇ္ဇန-စိတ္တံ ဥပ္ပဇ္ဇိတ္ဘာ နိရုဇ္ဈတိ။

၁၁ တတော၊ ထိုသို့ထင်ခြင်းသို့ ရောက်ခြင်းကြောင့်။ ဝါ- ထိုသို့ထင်ခြင်းသို့ ရောက်သည်မှ။ ပရံ၊ နောက်၌။ ဒ္ဌိကွတ္တုံ၊ နှစ်ကြိမ်။ ဘဝင်ေ၊ ဘဝင်သည်။ စလိတေ၊ လှုပ်သည်ရှိသော်။ ဘဝင်ေသောတံ၊ ဘဝင်၏အလျှင်ကို။ ေဝါစ္ဆိန္နိတ္ဘာ၊ ဖြတ်၍။ တမေဝ ရူပါရမ္မဏံ၊ ထိုရူပါရုံကိုသာလျှင်။ အာဝဇ္ဇန္တံ၊ ဆင်ခြင်တတ်သော။ ပဋ္ဌဒ္ဌါရာဝဇ္ဇနစိတ္တံ၊ ပဋ္ဌဒ္ဌါရာဝဇ္ဇန်းစိတ်သည်။ ဥပ္ပဇ္ဇိတ္ဘာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

၁၂ တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ, သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ, သန္တီရယမာနံ သန္တီရဏစိတ္တံ, ဝေါဋ္ဌပေန္တံ ေဝါဋ္ဌပနစိတ္တဉ္စေတိ ယထာက္ကမံ ဥပ္ပဇ္ဇိတ္ဘာ နိရုဇ္ဈန္တိ။

၁၂ တတော၊ ထိုပဋ္ဌဒ္ဌါရာဝဇ္ဇန်းစိတ်ချုပ်သည်မှ။ ပရံ၊နောက်၌။ တဿ၊ ထိုပဋ္ဌဒ္ဌါရာဝဇ္ဇန်းစိတ်၏။ အနန္တရံ၊ အခြားမဲ့၌။ တမေဝ ရူပံ၊ ထိုရူပါရုံကိုပင်လျှင်။ ပဿန္တံ၊ မြင်တတ်သော။ စက္ခုဝိညာဏဉ္စ၊ စက္ခုဝိညာဏ်စိတ်လည်းကောင်း။ သမ္ပဋိစ္ဆန္တံ၊ ခံလင့်သကဲ့သို့သော။ သမ္ပဋိစ္ဆ-နစိတ္တဉ္စ၊ သမ္ပဋိစ္ဆိန်းစိတ်လည်းကောင်း။ သန္တီရယမာနံ၊ စုံစမ်းလင့်သကဲ့သို့သော။ သန္တီရဏစိတ္တဉ္စ၊ သန္တီရဏစိတ် လည်းကောင်း။ ဝေါဋ္ဌပေန္တံ၊ ကောင်းစွာ မှတ်လင့်သကဲ့သို့သော။ ေဝါဋ္ဌပနစိတ္တဉ္စ၊ ဝုဋ္ဌေါစိတ်လည်းကောင်း။ ဣတိ-ဤမျှနှင့် စိတ္တာနိ၊ တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဥပ္ပဇ္ဇိတ္ဘာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။

၁၃ တတော ပရံ ကေူနတ္တိ ံသ ကာမာဝစရ ဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယ္ယေန သတ္တက္ခတ္တုံ ဇဝတိ။

http://www.dhammadownload.com

၁၃ တတော၊ ထိုဝုဋ္ဌော်စိတ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ ကေ-
နဋ္ဌိ သ ကာမာဝစရဇဝနေသု၊တစ်ခုယုတ်သုံးဆယ်သော ကာမာဝစရ
ဇောတို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိ တစ်ခုခုသောဇော်သည်။ လဒ္ဓပစ္စယံ၊
ယောနိသော မနသိကာရ အစရှိသည်တို့၏ အစွမ်းဖြင့် ရအပ်သော
အကြောင်းရှိသည် ဖြစ်၍။ ယေဘုယ်ယူ၊ များသော အားဖြင့်။
သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဇဝတိ၊ စောတ်။

၁၄ ဇဝနာနုဘန္ဓာနိ စ ဒ္ဝေ တဒါရမ္မဏပါကာနိ ယထာရဟံ
ပဝတ္တန္တိ၊ တတော ပရံ ဘဝင်ပါတော။

၁၄ ဇဝနာနုဘန္ဓာနိ၊ ဇော်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော။ ဒ္ဝေ၊
နှစ်ကြိမ်ကုန်သော။ တဒါရမ္မဏပါကာနိ စ၊ တဒါရုံဝိပါက်စိတ်တို့သည်
လည်း။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။
တတော၊ ထိုဒုတိယဘဝါရုံချုပ်သည်မှ။ ပရံ၊ နောက်၌။ ဘဝင်ပါတော၊
ဘဝင်ကျသည်။ ဟောတိ၊ ဖြစ်၏။

၁၅ ဘဏ္ဍာဝတာ စုဒ္ဓေန ဝိထိစိတ္တုပ္ပါဒါ ဒ္ဝေ ဘဝင်စလနာနိ ပုဗ္ဗေ
ဝါ တိတက မေကစိတ္တက္ခဏန္တိ ကတ္ဝာ သတ္တရသစိတ္တက္ခဏာနိ
ပရိပူရေန္တိ၊ တတော ပရံ နိရုဇ္ဈတိ၊ အာရမ္မဏ မေတံ
အတိမဟန္တံ နာမ ဂေါစရံ။

၁၅ ဘဏ္ဍာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ စုဒ္ဓေန၊ တစ်
